# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ ရှိဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၀၂) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း ၁၃ ရက် ၊ ၁၁-၃-၂၀၂၅၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြား



နေပြည်တော် မတ် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း မတ် ၃ ရက်မှ ၉ ရက်အထိ သွားရောက် ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရဲဗာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ အပြည့်အစုံမှာ ---


စာမျက်နှာ ၃ သို့ ☆


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏သီးသန့်မေးမြန်းမှုများကို ပြန်လည် ဖြေကြားစဉ်။

**အများအားဖြင့် သာယာမည်**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဧလ**

၂၀၂၅ ခုနှစ်၊ မတ် ၁၁ ရက်၊ အင်္ဂါနေ့။
မန္တလေး

# ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုက လက်ကမ်းကြိုနေမည်

ပညာသည် လူ၏အရည်အသွေးဖြစ်ပြီး မြင့်မြတ်သည့်ဂုဏ်ရှိသည်။ ပညာရှိသောသူသည် မည်သည့်နေရာဒေသတွင်ဖြစ်စေ ပွဲလယ်တင့်ကာ ချီးမြှင့်မြှောက်စားခံရမည်ဖြစ်သည်။

ပညာသည် ရွှေအတိပြီးသောအိုးပမာ တန်ဖိုးကြီးလှသဖြင့် ပညာခေတ်မှာ လူတိုင်းလူတိုင်း ပညာရှာဖွေသင်ကြားရမည်ဖြစ်သည်။ လောကနီတိဆုံးမစာတွင် အိုချစ်သားတို့၊ အတတ်ပညာသင်ကြားကြပါကုန်လော့။ အဘယ့်ကြောင့် ဖျင်းရိနေရပါမည်နည်း။ အတတ်ပညာမရှိသူသည် သူတစ်ပါး၏ ဝန်ထုပ်ဝန်ပိုးကိုထမ်းရ၏။ လောက၌ အတတ်ပညာနှင့် ပြည့်စုံသူကို ချီးကျူးပူဇော်ကြရ၏။ ထို့ကြောင့် အိုချစ်သားတို့ နေ့တိုင်းနေ့တိုင်း ပညာသင်ကြပါကုန်လော့ဟူ၍ ပညာတတ်အောင်သင်ကြားကြရန် တိုက်တွန်းထားပါသည်။ လူ့ဘဝတွင် ပထမအရွယ်၌ ပညာတတ်အောင်သင်ကြားကြရမည်။ ပထမအရွယ်၌ ပညာမသင်ကြားခဲ့သော် ဒုတိယအရွယ်၌ စီးပွားရှာဖွေရန်ခက်ခဲနေပေလိမ့်မည်။ စီးပွားဥစ္စာမပြည့်စုံခဲ့သော် တတိယအရွယ်၌ တရားဓမ္မရှာဖွေနိုင်မည်မဟုတ်ပေ။ စတုတ္ထအရွယ်ကွယ်လွန်ချိန်တွင်ကား ဘာမျှလုပ်နိုင်တော့မည်မဟုတ်ပေ။

အစကောင်းမှအနှောင်းသေချာ ဆိုစကားအတိုင်း လူ့ဘဝ၏ အဖိုးတန်ဆုံးသော အချိန်ကာလသည် ပထမအရွယ်လူငယ်ဘဝဖြစ်သည်။ လူငယ်ဘဝတွင် အကောင်းဆုံးသောအရာများကို ပိုင်ဆိုင်နိုင်အောင် လုပ်ဆောင်ကြရန် အရေးကြီးလှသည်။ ကျောင်းပညာရပ်များ သင်ယူရမည့်အချိန်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ကြားကြရမည်ဖြစ်သည်။ အခြေခံပညာအဆင့်သည် လူငယ်ဘဝ၏ ပထမလှေကားထစ်ဟုဆိုနိုင်ပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်အောင် ကြိုးစားနိုင်ခြင်းသည် ပထမဆုံးသော လှေကားထစ်ကို အောင်မြင်စွာကျော်ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

လူငယ်ဆိုသည်မှာတက်ကြွသည်။ ရှင်လန်းသည်။ ကြိုးစားလိုစိတ်ရှိသည်။ လူငယ်တိုင်းတွင် တူညီသောစိတ်မှာ မခံချင်စိတ်ဖြစ်သည်။ ထိုမခံချင်စိတ်ကို ကောင်းသည့်ဘက်တွင် အသုံးပြုကာ မိမိတို့ဘဝတက်လမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကောင်းသည့်ဘက်တွင် ယှဉ်ပြိုင်ခြင်းသည် အကောင်းဆုံးကိုရောက်အောင် ကြိုးစားခြင်းဖြစ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့်ကြိုးစား၍ မအောင်မြင် သော အရာဟူသည် ဤလောက၌ မရှိသေးပါ။ ကြိုးစားသူတိုင်း အတွက် အောင်မြင်မှုက လက်ကမ်းကြိုနေမည်သာ ဖြစ်သည်။

ထို့ကြောင့်လူငယ်တို့သည် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားကြမည်ဆိုလျှင် ပထမအရွယ်ကို အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ကြမည်ဖြစ်သည်။ ပထမအရွယ်ကို အောင်မြင်သွားမည်ဆိုပါက ဒုတိယအရွယ်ဟူသော စီးပွားရှာဖွေချိန် မိမိတို့ရရှိထားသော ဘွဲ့၊ အရည်အချင်းပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းမှန်သမျှက စောင့်ကြိုနေမည်သာဖြစ်သည်။ ကြိုးစားသင်ယူတတ်မြောက်ထားသော ပညာအရည်အချင်းသည် မိမိတို့ဘဝကို မြှင့်တင်ပေးသွားမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ပညာခေတ်မှာ ပညာရှာရမည်ဖြစ်ရာ ပညာသင်ရမည့်အရွယ်တွင် ပညာကိုတတ်မြောက်အောင် သင်ကြားရမည်ဖြစ်ပြီး ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုက လက်ကမ်းကြိုနေမည်ဖြစ်သည်။ ယခုအခါ ပညာတတ်များပေါ်များလာရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးကို အထူးအလေးထားဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းကာ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ငါးများကို အထူးသက်သာသောဈေးနှုန်းများဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်၊ ဥယျာဉ်ရပ်ကွက် ရေနီမြောင်း ၃၈လမ်းနှင့် ၃၉ လမ်းကြားတွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးသည့် အစီအစဉ်များမှာ မတ် ၁၁ ရက်တွင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ၈၂လမ်းနှင့် ၈၄လမ်းကြား ဘုရားကြီးတောင်ဘက်မုခ်တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများ အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈နာရီစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေးအဖွဲ့ဝင် ဝန်ထမ်းများအား လုပ်ငန်းခွင်အရောက် အခမဲ့ဆေးကုသမှုဆောင်ရွက်ပေး

**မန္တလေး မတ် ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေးအဖွဲ့ဝင် ဝန်ထမ်းများအား လုပ်ငန်းခွင်အရောက် အခမဲ့ဆေးကုသမှုပေးခြင်းကို ယနေ့နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ မြို့တော်ခန်းမတွင် ကုသပေးခဲ့သည်။

အဆိုပါ ကုသပေးမှုကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ လူမှုဖူလုံရေးအဖွဲ့ဝင် ဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးနှင့် ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးဦးဆောင်သော အဖွဲ့တော်ဝင်နဂါး (Mobile Medical Unit)မှ တာဝန်ခံဆရာဝန်၊ ဓါတ်မှန်ကျွမ်းကျင်ပညာရှင်၊ ဆေးဝါးကျွမ်းကျင်ပညာရှင် ပါဝင်သော အဖွဲ့ဝင် ၂၅ ဦးတို့က လုပ်ငန်းခွင်အရောက် အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

ထိုသို့ကုသပေးရာတွင် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အရာထမ်း၊ အမှုထမ်း ၂၅၀ ဦးကို ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးစစ်ခြင်း၊ ပေါင်ချိန်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ECG စစ်ဆေးပေးခြင်းများနှင့် ရောဂါအမျိုးအစားအလိုက် လိုအပ်သော ဆေးဝါးများ ပေးခြင်းများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## ပုဗ္ဗသီရိမြို့နယ်တွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုများ ဆောင်ရွက်

**ပုဗ္ဗသီရိ မတ် ၁၀**

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့များနှင့်




ပတ်သက်၍ ပညာပေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက် ၁၁ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်များ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက မြန်မာ့သနပ်ခါးဓလေ့၏ သမိုင်းကြောင်း၊ အစဉ်အလာယဉ်ကျေးမှုများ၊ သနပ်ခါး၏ အသုံးဝင်ပုံနှင့် အသုံးပြုပုံအကြောင်း၊ မြန်မာ့သနပ်ခါး၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ဆိုင်ရာ လှုပ်ရှားမှုအဖြစ် သနပ်ခါးလိမ်းခြယ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုတွင် အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရှိရန် လိုအပ်လျက်ရှိပြီး မြန်မာ့သနပ်ခါးယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များတွင် နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်နိုင်ရန် သနပ်ခါးသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့၏ သဘောထားများ၊ သနပ်ခါးသုံးစွဲရသည့် အကြောင်းအရင်းများကို စစ်တမ်းကောက်ယူ၍ UNESCO အသိအမှတ်ပြုရေးတွင် ပူးပေါင်းပါဝင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**အောင်ကို(ဖန်ခါးမြေ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ကျွန်တော်တို့နိုင်ငံက ပါတီစုံဒီမိုကရေစီစနစ်ကိုသွားမှာ နံပါတ်တစ်ချက်ပေါ့။ ကျွန်တော်တို့က လွတ်လပ်ရေးရပြီးတာ ၇၇ နှစ်တာကြာခဲ့ပြီ။ ကျွန်တော်တို့မှာ ပဋိပက္ခပေါင်းများစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ တကယ်တော့ ကျွန်တော်တို့မှာရှိတဲ့ လူသားအပါအဝင် သယံဇာတအရင်းအမြစ်တွေများစွာရှိတယ်။ ဒါတွေကို အသုံးချမယ်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်က မုချတိုးတက်တဲ့တိုင်းပြည်တစ်ခုဖြစ်ရမယ်။ ဒီအတွက် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှု အလားအလာကိုရှာတဲ့အခါမှာ ရုရှားနိုင်ငံဟာ ကျွန်တော်တို့အတွက် ပူးပေါင်းဆောင်ရွက်မှုအလားအလာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ကျွန်တော်တို့မြင်တာပေါ့။ ရုရှားနိုင်ငံတင်မကပါဘူး။ နိုင်ငံတွေများစွာရှိပါတယ်။ သို့သော်လည်းပဲ အလျင်မြန်ဆုံး ဆောင်ရွက်ပေးနိုင်မယ့်နိုင်ငံက ရုရှားနိုင်ငံဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံကို ကျွန်တော်သွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံရေးအရ ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ နိုင်ငံရေးအရ ပြည်သူတွေတောင်းဆိုတဲ့ ပါတီစုံဒီမိုကရေစနစ်ကိုသွားဖို့အတွက် ကျွန်တော်တို့က ဆုံးဖြတ်ပြီးသားဖြစ်တယ်။ ဒါကို ကျွန်တော်တို့က အကောင်အထည်ဖော်နိုင်ဖို့အတွက် တစ်ဖက်ကပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ရမှာပေါ့။ တစ်ဖက်ကလည်း ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင်လည်း ကျွန်တော်တို့ လုပ်ရမှာပေါ့။ ဒါကြောင့် ရုရှားသမ္မတကြီးကလည်း မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ရုရှားဘက်ကကူညီမယ်လို့ သူပဲပြောတယ်။ သို့ပေမယ့်လည်း ဘယ်လာရုစ်သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko ကလည်း ကျွန်တော်တို့မြန်မာနိုင်ငံအတွက် အစစအရာရာ ပူးပေါင်းဆောင်ရွက်ပေးမယ် ကူညီပေးမယ်လို့ ပြောတယ်။ ကျွန်တော်တို့အတွက် ခွန်အားတွေဖြစ်သလို တိုင်းပြည်အတွက်လည်း အားတစ်ခု ကျွန်တော်တို့ရမှာပါ။ ကျွန်တော်တို့နိုင်ငံက ပထဝီအနေအထားအရကြည့်မယ်ဆိုလို့ရှိရင် တကယ့်ဆုံချက်မှာ ရှိတယ်။ အရှေ့တောင်အာရှနိုင်ငံ၊ အာဆီယံနိုင်ငံမှာ အနောက်ဘက်အကျဆုံးနိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ရဲ့အနောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်လောက်ရှိတဲ့ အိန္ဒိယနိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၁၆၀ ကျော်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အရှေ့မြောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁၄၀၀ လောက်ရှိတဲ့ တရုတ်နိုင်ငံရှိတယ်။ ဒီသုံးမျိုးပေါင်းလိုက်လို့ရှိရင် ၄ ဘီလီယံနီးပါးလောက် လူဦးရေရှိတယ်။ အဲဒီတော့ သွားမယ့်နေရာဆုံချက်ကိုကြည့်မယ်ဆိုရင်တောင်ဘက်ကိုသွားရင် အိန္ဒိယသမုဒ္ဒရာရောက်သွားမယ်။ မြောက်ဘက်ကိုသွားမယ်ဆိုရင် တရုတ်နိုင်ငံကိုဖြတ်ပြီး ရုရှားနိုင်ငံကိုရောက်သွားမယ်။ အနောက်ဘက်ကိုသွားမယ်ဆိုရင် အိန္ဒိယနိုင်ငံကိုရောက်သွားမယ်။ အရှေ့တောင်ဘက်ကိုသွားမယ်ဆိုရင် အာဆီယံနိုင်ငံတွေ အကုန်ရောက်သွားမယ်။ မြန်မာနိုင်ငံကလောက် အခွင့်အရေးကောင်းတဲ့နိုင်ငံမရှိဘူး။ ကျွန်တော်တို့နိုင်ငံက အခြေပြုပြီးတော့ စီးပွားရေးလုပ်ငန်းလုပ်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံကို ဖြတ်ပြီးတော့သွားမှာပဲဖြစ်ဖြစ်၊ ခုနကပြောတဲ့ ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုလုံးကို ကူးလူးဆက်ဆံနိုင်ခွင့်ရမယ်ဆိုတာ သိနိုင်ပါတယ်။ ကျွန်တော်တို့ဗျာ တကယ်ကိုလက်တွဲလုပ်ဖို့ အသင့်တော်ဆုံးအချိန်ရောက်နေပါပြီ။ EAO တွေကိုလည်း ကျွန်တော်ပြောချင်တာကတော့ ကိုယ်ဖြစ်ချင်တာတွေ မပြောပါနဲ့။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေပဲ ပြောဖို့ကောင်းတယ်။ လူဆိုတာကတော့ ဖြစ်ချင်တာကတော့ လူတိုင်းဖြစ်ချင်တာပဲ။ ကျွန်တော်လည်း ဖြစ်ချင်တာတွေအများကြီးရှိတာပဲ။ ဒါပေမယ့် ကျွန်တော်ဖြစ်ချင်တာ ဖြစ်ချင်မှလည်းဖြစ်လိမ့်မယ်။ ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့သွားတာကောင်းတယ်။ ကျွန်တော်တို့ပြောတယ်။ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကို သွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော်ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေ အားလုံးကို ဦးစားပေးပြီး ကျွန်တော်ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော် တတ်နိုင်သမျှလုပ်ပေးပါတယ်။ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကုန်ထုတ်လုပ်ငန်းတွေကို မလွတ်ဘူး။ အနာဂတ်အတွက် သိပ္ပံနဲ့နည်းပညာကို ကျွန်တော်မလွတ်ဘူး။ သူတို့က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာ အခြေခံတဲ့စက်မှုလုပ်ငန်းတွေက အများကြီးကောင်းတယ်။ သိပ္ပံနည်းပညာမှာလည်း အများကြီးကောင်းတယ်။ သူတို့က အနိမ့်တစ်ခုနဲ့ အမြင့်တစ်ခု အားလုံးကို အတူတူပေါင်းစပ်ပေးနိုင်တဲ့အနေအထားရှိတယ်။ အဲဒါက ကျွန်တော်တို့အတွက် လိုအပ်ချက်ပဲ။ ဒါကြောင့် ကျွန်တော်ပြောရဲပါတယ်။ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီဟာက ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးအမြတ်မုချရှိမယ်လို့ ကျွန်တော် ပြောနိုင်ပါတယ်။

> **“ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့ သွားတာကောင်းတယ်။ ကျွန်တော်တို့ ပြောတယ်။ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကိုသွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော် ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော် ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးကို ဦးစားပေးပြီး ကျွန်တော် ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော် တတ်နိုင်သမျှ လုပ်ပေးပါတယ်။”**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များ၏ စကားသံများ



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်




ဦးအေးဝင်း



ဦးအောင်အောင်ဇော်

**ဦးကိုကိုလှိုင်**
**ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန**

ရုရှားနဲ့ဘယ်လာရုစ်နဲ့က ကျွန်တော်နှစ်နိုင်ငံလုံးနဲ့က ရင်းနှီးနေတာကြာပါပြီ။ ဒီနှစ်နိုင်ငံလုံးကိုလည်း ကျွန်တော် အကြိမ်တော်တော်များများ ရောက်ဖူးပါတယ်။ နံပါတ်တစ် ရုရှားပေါ့နော်။ ရုရှားအနေနဲ့ကတော့ ဒီခရီးစဉ်က State Visit ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကိုလည်း သေချာပြင်ဆင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ရုရှားကို စွမ်းအင်ကိစ္စနဲ့ တစ်ခါလာခဲ့ပြီးပါပြီ။ စွမ်းအင်ဝန်ကြီးနဲ့လည်း ကျွန်တော်တွေ့ခဲ့ပါပြီ။ ဒီတစ်ခေါက်မှာလည်း နိုင်ငံတော်အကြီးအကဲနဲ့ နှစ်ဖက်အကြီးအကဲနှစ်ဦးတွေ့ဆုံခဲ့တဲ့အပေါ်မှာ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်တဲ့ သဘောတူညီချက်တွေအပေါ်မှာ ကျွန်တော် သီးခြားစွမ်းအင်ဝန်ကြီးဌာနက ပထမ၊ ဒုတိယ ဝန်ကြီးနဲ့သက်ဆိုင်ရာကုမ္ပဏီက အဖွဲ့အစည်းတွေနဲ့ ကျွန်တော် တွေ့ဆုံပြီးတော့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ရုရှားကဆိုရင် စွမ်းအင်လုံခြုံရေးနဲ့ စွမ်းအင်ဖူလုံရေးအတွက် အလွန်ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်နေတဲ့ နိုင်ငံတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့လည်း ရုရှားက ဒီနေ့ဒီအချိန်မှာ ဒီလိုရပ်တည်နိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော် အများကြီးအားကျပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တော်တော်များများလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ နောက် ဘယ်လာရုစ်ပေါ့။ ဘယ်လာရုစ်ကတော့ လယ်ယာစိုက်ပျိုးရေးကို အခြေခံတယ်။ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲကလည်း စိုက်ပျိုးရေးကို အခြေခံတဲ့ ထုတ်ကုန်တွေ၊ ကုန်ထုတ်လုပ်မှုတွေ အများကြီးမြှင့်တင်ချင်တယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့က Mechanize farm ကို သွားရမှာပေါ့။ ကျွန်တော်တို့ သွားဖို့လည်းလုပ်နေကြပါပြီ။ ဒီအပေါ်မှာ ဘယ်လာရုစ်နဲ့ပူးပေါင်းခြင်းက အင်မတန်မှန်ကန်တယ်။ ကောင်းမွန်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဘယ်လာရုစ်က သူတို့ ဖိုရမ်မှာလည်း ပြောသွားပါတယ်။ စိုက်ပျိုးရေးကဏ္ဍကကိုပဲ ပြီးခဲ့တဲ့နှစ်က ငါးဘီလီယံကျော် ဝင်ငွေရခဲ့တဲ့အတွက် အလွန်အားကျဖို့ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဒီလိုမလုပ်နိုင်စရာမရှိပါဘူး။ ကျွန်တော်တို့ ကြိုးစားလုပ်ရင်ရပါတယ်။ ဘယ်လာရုစ်နဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့နည်းပညာတွေ၊ စိုက်ပျိုးရေးကို ကျွန်တော်တို့ Mechanize farm ဖြစ်အောင် လိုအပ်တဲ့စက်ပစ္စည်းကိရိယာတွေထုတ်လုပ်ဖို့အတွက် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ခြုံပြီးပြောရရင် ဘယ်လာရုစ်နဲ့ ရုရှားနှစ်နိုင်ငံလုံးက အင်မတန်စနစ်ကောင်းပါတယ်။ ကျွန်တော် သူတို့နဲ့တွဲပြီးတော့ ဆယ်စုနှစ်တစ်စုကျော်ပါပြီ ကျွန်တော်လုပ်ခဲ့တာ။ အင်မတန်စနစ်ကောင်းပါတယ်။အတုယူဖို့လည်းကောင်းပါတယ်။ ကျွန်တော်တို့ နိုင်ငံ စွမ်းအင်ဖူလုံရေးနဲ့ စာမျက်နှာ ၄ သို့ ○

❍ စာမျက်နှာ ၃ မှ

လုံခြုံရေးအတွက် ကြိုးစားဆောင်ရွက်ပါမယ်။ ကျွန်တော်တို့နိုင်ငံမှာ ထိုက်သင့်သလောက် စွမ်းအင်အရင်းအမြစ်တွေရှိတယ်။ နံပါတ်တစ် ကျွန်တော်တို့က မရှာဖွေနိုင်သေးဘူး။ ပြီးပြည့်စုံအောင်မရှာဖွေနိုင်သေးဘူး။ ဒီအတွက်ကြောင့် ကျွန်တော်တို့က ရုရှားရဲ့နည်းပညာအကူအညီရယူပြီး ပူးပေါင်းဆောင်ရွက်မယ်။ နံပါတ်နှစ်က ရှာဖွေလို့တွေ့ပြီဆိုရင်လည်း ကျွန်တော်တို့က ထိထိရောက်ရောက်တူးဖော်နိုင်အောင် လုပ်ရမယ်။ ဒီအပိုင်းကိုလည်း ကျွန်တော်တို့က ရုရှားနဲ့ပူးပေါင်းဆောင်ရွက်ရမယ်။ နောက်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားအရ အင်မတန်ကောင်းမွန်တဲ့နေရာရှိပါတယ်။ စွမ်းအင်ကုန်သွယ်မှုကို ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်။ အထူးသဖြင့် Energy Terminal ဟာမျိုးတွေ။ ကျွန်တော်တို့မှာ နိုင်ငံတကာကိုတင်ပို့နိုင်တဲ့၊ ထိုင်းနဲ့ တရုတ်ကို တင်ပို့နိုင်တဲ့ ပိုက်လိုင်းတွေရှိတယ်။ ကျွန်တော်တို့ ရေနက်ဆိပ်ကမ်းတွေရှိတယ်။ Energy Terminal ဆောက်ဖို့နေရာကောင်းတွေရှိတယ်။ ဒီနေရာ Energy Terminal တွေဆောက်မယ်။ ဒီပိုက်လိုင်းတွေနဲ့ ကျွန်တော်တို့ပို့မယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝဓာတ်ငွေ့ လုံလောက်အောင်လည်း အဲဒီက ရယူမယ်။ ရေနံချက်စက်ရုံတွေ ဆောက်မယ်။ စက်သုံးဆီကို သွင်းရတဲ့ဟာ နောက်ဆိုရင် ရှိမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ကိုယ်တိုင် ချက်လုပ်ပြီးတော့သုံးစွဲမယ်။ နောက်ဓာတ်မြေဩဇာတွေ ချက်လုပ်မယ်။ ဒါက ကျွန်တော့်ကဏ္ဍပါ။ ဒီအပိုင်းကို လုပ်ဖို့အတွက် ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်မယ်။ ကျွန်တော့်အတွက်လည်း အလွန်ပဲအတွေ့အကြုံရတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာန လုပ်ဆောင်နေတာကို ပြည်သူတွေသိမှလည်း၊ ပြည်သူတွေလိုက်ပါဆောင်ရွက်မှလည်း၊ ပြည်သူတွေ ကူညီမှလည်း အောင်မြင်မှာဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိန်းကျော်**
**ပြည်ထောင်စုဝန်ကြီး**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဆိုတာကတော့ အဓိကအားဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံအတွက် ဒါတွေ တစ်ထောင့်တစ်နေရာက တာဝန်ယူနေရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုတာကလည်း သိပ္ပံနဲ့ နည်းပညာဆိုင်ရာမှာ တကယ့်ကမ္ဘာ့ထိပ်တန်းနိုင်ငံပါ။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်တွေကလည်း တကယ့်အဆင့်မြင့်တဲ့ တက္ကသိုလ်တွေပါ။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံအတွက်တော့ ဒီသိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပါ တန်ဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတွေ ရရှိခဲ့တယ်လို့ပြောလိုပါတယ်။ ပထမတစ်ချက်အနေနဲ့ကတော့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပါ။ ဘယ်နေရာမဆို အခြေခံအကျဆုံးက လူသားအရင်းအမြစ်ပဲ။ ဒီလူသားအရင်းအမြစ်ကို တကယ့်ကိုလက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် နားလည်မှုတွေ၊ အပြန်အလှန်လက်မှတ်ရေးထိုးနိုင်ခဲ့တာတွေရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် အားပါပဲ။ တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုဖြစ်စေဖို့အတွက် အခြေခံအုတ်မြစ်တွေလို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒ့ါအပြင် ရုရှားနိုင်ငံဆိုတာက တကယ့်နည်းပညာပိုင်းဆိုင်ရာမှာလည်း ထိပ်တန်းနိုင်ငံပါ။ အဏုမြူစွမ်းအင်ဆိုရင်လည်း တကယ့်ထိပ်တန်းနိုင်ငံပါပဲ။ အဏုမြူစွမ်းအင်ဆိုတာကလည်း တကယ်တော့ ငြိမ်းချမ်းတဲ့နယ်ပယ်မှာ၊ နေရာကဏ္ဍအစုံအလင်မှာ အသုံးချလို့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် အကျိုးကျေးဇူးတွေဖြစ်လာမှာပါ။ ဒ့ါအပြင် အာကာသမှာလည်း ရုရှားနိုင်ငံဆိုတာ တကယ့်ထိပ်တန်းရောက်နေတဲ့နိုင်ငံပါ။ ပထမဆုံးဂြိုဟ်တု လွှတ်တင်နိုင်ခဲ့တယ်။ အာကာသထဲကို ပထမဆုံးလူသားပေးပို့နိုင်ခဲ့တယ်။ ဒီလိုနိုင်ငံဆီကနေ ကျွန်တော်တို့ အတွေ့အကြုံတွေမျှဝေခွင့်ရတယ်၊ ပညာလေ့လာခွင့်ရတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေပါပဲလို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ကို ယုံကြည်ပါတယ်လို့ ပြောလိုပါတယ်။

**ဦးအေးဝင်း**
**ဥက္ကဋ္ဌ (UMFCCI) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှာ ပြီးခဲ့တဲ့ မတ် ၄ ရက်တုန်းက ရုရှား-မြန်မာ Business Forum တစ်ခုကို ကျွန်တော်တို့ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီ Forum မှာ ကျွန်တော်တို့ စီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့ လူတွေကော၊ နောက်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေပါ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ ဒီပွဲမှာတော့ အဓိက ကျွန်တော်တို့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကြားထဲမှာ ကုန်သွယ်မှုပိုင်းဆိုင်ရာ၊ နောက်ပြီးတော့ ရင်းနှီးမှုပိုင်းဆိုင်ရာတွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မယ်၊ ဘယ်လိုတိုးမြှင့် ဆောင်ရွက်နိုင်မယ်ဆိုတာကို ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှာလည်း ပြီးခဲ့တဲ့ မတ် ၆ ရက်က မြန်မာ-ဘယ်လာရုစ် Business Forum ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲမှာလည်း ဘယ်လာရုစ်နိုင်ငံဘက်ကနေပြီးတော့ စီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့သူတွေကော စီးပွားရေးလုပ်ငန်းရှင်တွေပါ စုစုပေါင်း ၁၅၀ ဝန်းကျင်လောက် တက်ရောက်ခဲ့ကြပါတယ်။ အဲဒီပွဲမှာလည်း အလားတူပါပဲ ဘယ်လာရုစ်နိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ရနိုင်မလဲ၊ နောက် ကုန်သွယ်မှုတွေကို ဘယ်ဟာတွေက ကုန်သွယ်မှုပြုလုပ်နိုင်မလဲ၊ ဘယ်အပိုင်းတွေကိုတော့ ရင်းနှီးမြှုပ်နှံမှုတွေကို လုပ်နိုင်မလဲဆိုတဲ့အပိုင်းကို အပြန်အလှန်ဆွေးနွေးခဲ့ပါတယ်။ အလားတူပဲ ဘယ်လာရုစ်ဘက်နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကြားမှာ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့အတွက် ကုန်သွယ်မှုနဲ့ တချို့ရင်းနှီးမြှုပ်နှံမှုတွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ MoU တွေလည်း ရေးထိုးနိုင်ခဲ့တာရှိပါတယ်။ အဓိကကတော့ ရုရှားနဲ့ကော ဘယ်လာရုစ်နဲ့ပါ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံမှာ အဓိကပင်မ စီးပွားရေးကဏ္ဍက လေးရပ်ရှိတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ဓာတ်သတ္တုနဲ့ သဘာဝသယံဇာတကဏ္ဍရှိမယ်။ နောက်တစ်ခုကတော့ ဝန်ဆောင်မှု ကဏ္ဍလေးရပ်ရှိတယ်။ အဲဒီလေးရပ်အနက်မှာ အဓိကကဏ္ဍတွေဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနဲ့ ကုန်ထုတ်လုပ်ငန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်ကနေပြီးတော့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေ၊ နောက်မြန်မာနိုင်ငံမှာ ဒီကဏ္ဍတွေမှာရှိတဲ့ အခွင့်အလမ်းတွေကို ကျွန်တော်တို့က ရှင်းလင်းဆွေးနွေးပြခဲ့တာရှိပါတယ်။ ဒီကဏ္ဍတွေမှာ ကျွန်တော်တို့က စိတ်ဝင်စားမှုတွေအများအပြားရှိပါတယ်။ ပထမအဆင့်မှာတော့ ကုန်သွယ်မှု၊ အပြန်အလှန်ကုန်သွယ်မှုကို ကျွန်တော်တို့ကစတင်မှာဖြစ်ပြီးတော့ နောက်ပိုင်းမှာ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက်သွားမယ့်အလားအလာတွေ တွေ့ရှိရပါတယ်။

**ဦးအောင်အောင်ဇော်**
**ဥက္ကဋ္ဌ(MAI လေကြောင်းလိုင်း)**

ခရီးသွားတွေ များများရောက်ရှိရေးအတွက် ပရိုမိုးရှင်းသွားလုပ်တဲ့ပွဲပါ။ ခရီးသွားဆိုတာက ဥရောပသားတွေက ဒီအချိန်မှာလာဖို့သိပ်စိတ်မဝင်စားဘူး။ တကယ်လာချင်တာက ရုရှားတို့၊ အိန္ဒိယတို့၊ တရုတ်တို့ကပဲ မြန်မာပြည်ကိုလာချင်တာ။ နောက်တစ်ခုက ထားဝယ်ရေနက်ဆိပ်ကမ်းကို ရုရှားနဲ့လုပ်မယ်ဆိုတော့ ဒါနဲ့ပတ်သက်ပြီး Business Traveller တွေလည်း လာဖို့ရှိတဲ့အတွက် လေကြောင်းနဲ့ပတ်သက်ပြီး သွားရောက်ရှင်းလင်းတင်ပြရတာပါ။ ခရီးသွားအရေအတွက် အာမခံချက်ရမယ်ဆိုရင် လေကြောင်းတွေဘယ်လိုတိုးမြှင့်ပြီး ပြေးဆွဲမယ်။ ဒီလိုပြေးဆွဲတဲ့နေ ရာမှာ လက်ရှိလည်း နိုဗိုစီဗစ်ကို ပျံနေတယ်။ ခရီးသွားလာရေးဆိုတာက မီးခိုးတိတ်စီးပွားရေးရှာတာ။ စက်ရုံ၊ အလုပ်ရုံတွေ လိုမဟုတ်ဘူး။ အသံတိတ်လေး ပိုက်ဆံဝင်တယ်။ ဟိုတယ်တွေ၊ စကားပြန်တွေ၊ ကျွန်တော်တို့ဘက်ကလည်း ဝန်ဆောင်မှုအပြည့် လုပ်ပေးနိုင်တယ်ဆိုရင် ရုရှားတွေကလည်း ဒီကိုလာဖို့ စိတ်ဝင်စားတယ်။ အထူးသဖြင့် သူတို့ကကမ်းခြေကိုအလွန်ကြိုက်တယ်။ ထိုင်းကိုလည်း အတော်သွားကြတယ်။ ဖူးခက်တို့၊ ဗီယက်နမ်ကမ်းခြေတို့ကို သွားတဲ့အချိန်မှာ တိုက်ရိုက်သွားမယ့်အစား အာဆီယံဒေသရဲ့ Gateway တစ်ခုအဖြစ် မြန်မာပြည်ကိုအရင်လာလည်၊ မြန်မာပြည်က လည်ပတ်စရာတွေကို နှစ်ရက်၊ သုံးရက်လည်ပြီး ကျန်တဲ့ဒေသတွေကို သွားပါ။ မြန်မာပြည်ကနေတစ်ဆင့် ပြန်မယ်ဆိုရင် Air Flight တွေနဲ့ အဆင်ပြေအောင် စီစဉ်ပေးပါမယ်ဆိုပြီး ကျွန်တော်တို့ကသွားပြီး ပရိုမိုးရှင်းလုပ်တာ။ ထိုင်းကို တစ်နှစ်တစ်နှစ်သွားနေတဲ့ ခရီးသွားတွေ သန်း ၃၀ လောက်နေရာမှာ ကျွန်တော်တို့နိုင်ငံကို ၅ ရာခိုင်နှုန်းလောက်ပဲလာ။ တစ်သန်းခွဲလောက်ပဲလာ၊ နှစ်သန်းလောက်ပဲလာဦး။ လူတစ်ယောက်က ဒေါ်လာ ၁၅၀၀၊ ၂၀၀၀ လောက်တော့ သုံးရမယ်။ လေယာဉ်လက်မှတ်ခ၊ ဟိုတယ်ခနဲ့ဆိုရင်ကို ကျွန်တော်တို့ တိုင်းပြည်မှာ US ဒေါ်လာ 3 to 5 ဘီလီယံလောက် ဝင်ငွေစီးဆင်းသွားမယ်။ အဲဒါနဲ့ဆက်စပ်ပြီး လုပ်ငန်းတွေရကြမယ်။ ဟိုတယ်မှာနေတဲ့သူတွေ လည်ပတ်သွားကြမယ်ဆိုရင် သူ့ရဲ့ဝင်ငွေကိုက 10 ဘီလီယံလောက်အထိ တက်သွားနိုင်တယ်။ ဒါဆိုရင် တိုင်းပြည်ရဲ့ စီးပွားရေးကိုလည်း အများကြီးအထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ဒီခရီးသွားလုပ်ငန်းမှာ လူဦးရေများများရအောင်သွားပြီး ပရိုမိုးရှင်းလုပ်တဲ့ပွဲပါ။ ကျွန်တော်တို့ အခုပြောရတဲ့အထဲမှာ တော်တော်များများကတော့ အတော်စိတ်ဝင်စားကြတယ်။ အရင်တုန်းက မြန်မာပြည်ဘာလဲဆိုတာ သူတို့သိပ်မသိတဲ့သူတွေလည်း ရှိကြတယ်။ ရောက်ဖူးတဲ့သူတွေပဲ သိကြတာ။ အဲဒီတော့ မြန်မာပြည်မှာ ဘယ်နေရာတွေက လည်လို့ကောင်းတယ်။ ငြိမ်းချမ်းမှုအခြေအနေလည်း ဘယ်လိုအနေအထားတွေရှိတယ်၊ ဘယ်နေရာတွေက သွားလို့ရတယ်။ မကြာခင်မှာ အားလုံးအဆင်ပြေပြေနဲ့သွားလို့ရပါမယ်။ အဲဒီလိုပြောခဲ့တော့ နှစ်နိုင်ငံလုံးက စိတ်အားထက်သန်စွာနဲ့ ဒီကိုလာချင်ကြတယ်။ တိုက်ရိုက်ပျံသန်းခွင့်ရရှိရေးတို့၊ ခရီးသည်တွေ သွားလာဖို့ လွယ်ကူဖို့အတွက်တော့ သူတို့တောင်းဆိုတာ ဘာသာပြန်တွေလုံလောက်ဖို့ရယ်၊ ဟိုတယ်အခန်းအရေအတွက် လုံလောက်မယ်ဆိုရင် သူတို့ရဲ့ Tour Package လာလေ့လာပြီးရင် စီစဉ်ပါမယ်။ ၂၀၂၅ ခုနှစ်ရာသီမှာလည်း မီသလောက်လာမယ်။ ၂၀၂၆-၂၀၂၇ ကိုတော့ ခရီးသည်တွေအများကြီးလာဖို့ သူတို့ခရီးသွား ကုမ္ပဏီတွေဘက်ကလည်း အများကြီးစိတ်ဝင်စားတယ်။ နောက်တစ်ခုက အစိုးရ Government Traveller တွေရှိတယ်။ အစိုးရအရာရှိမိသားစုဝင်တွေကို သူတို့အစိုးရတွေကပဲစီစဉ်ပေးတယ်။ အဲဒီလိုခရီးသွားတွေကို တခြားနိုင်ငံလွှတ်မယ့်အစား ကျွန်တော်တို့ နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာပြည်ကို လွှတ်လိုက်မယ်ဆိုရင်လည်း ဒီလူဦးရေက ပြည့်မီသွားနိုင်တာပေါ့။ အဲဒါမျိုးလေး ရရှိဖို့အတွက် သူတို့ဘက်က Ministry of Tourism တို့၊ Tourism Board တို့၊ ခရီးသွားအေဂျင်စီတို့နဲ့လည်း ကျွန်တော်တို့ ပြောဆိုညှိနှိုင်းနေတာရှိပါတယ်။ အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကလည်း ခုကစပြီး ရှေ့လျှောက်ပွင့်လင်းလာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးတွေလည်း အများကြီးတိုးတက်အောင်မြင်လာလိမ့်လို့ မျှော်လင့်ပါတယ်။ ဘာပဲပြောပြော Positive Thinking ကောင်းတာကို လုပ်တာဖြစ်တဲ့အတွက် ကောင်းတာတွေဖြစ်လာမှာပါလို့ ယုံကြည်ပါတယ်။ မြန်မာပြည်ကြီး ဖွံ့ဖြိုးစည်ပင်တိုးတက်ပါစေလို့ဆန္ဒပြုပါတယ်။ ■



# ပေါင်မြို့နယ်၌ သနပ်ခါးအလှမယ်ပြိုင်ပွဲ ကျင်းပ

ပေါင် မတ် ၁၀

မွန်ပြည်နယ် ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သနပ်ခါးအလှမယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် (အထက)ပေါင် ရွှေရတုခန်းမ၌ ကျင်းပသည်။

**ယှဉ်ပြိုင်**

ဦးစွာ သနပ်ခါးအလှမယ်ပြိုင်ပွဲကို မောင့်ချစ်သူသနပ်ခါးသီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ပြိုင်ပွဲဝင်များက တစ်ဦးချင်းမိတ်ဆက်ခြင်းနှင့် ကိုယ်ဟန်ပြလှည့်လည်ခြင်းများ ပြုလုပ်သည်။ ဆက်လက်၍ သနပ်ခါးအလှမယ်များက တစ်ဦးချင်းစီအလိုက် စိတ်ကြိုက်ကိုယ်ဟန်ပြကွက် သုံးကွက်ဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်း၊ သနပ်ခါးနှင့်ပတ်သက်သည့် တေးသီချင်းသီဆိုခြင်း၊ ကပြခြင်း၊ တေးသရုပ်ဖော်တို့ဖြင့် တစ်ဦးချင်း ယှဉ်ပြိုင်ခြင်းနှင့် ဗဟုသုတကြွယ်ဝမှုနှင့်ပတ်သက်၍ ဆန်းစစ်ခြင်းတို့ပြုလုပ်သည်။

ဆက်လက်၍ အထက(ဇင်းကျိုက်)မှ မလင်းမို့မို့ထွန်းအား ပထမဆု ငွေကျပ် ၁၀၀၀၀၀၊ အထက (ကျွဲခြံ)မှ မယွန်းနဒီမောင်အား ဒုတိယဆု ငွေကျပ် ၇၀၀၀၀ နှင့် အထက (ဇင်းကျိုက်) မှ မချစ်လွန်းချိုအား တတိယဆု ငွေကျပ် ၅၀၀၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ပထမဆုနှင့် ဒုတိယဆုရရှိသူနှစ်ဦးသည် မတ် ၁၉ ရက်တွင် ကျရောက်မည့် မွန်ပြည်နယ်နေ့တွင် ဆက်လက်ပြိုင်ပွဲဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သွားရောက်ရာမှ မတ်လ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၀-၃-၂၀၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် အောင်မြင်မှုရလဒ်များအတွက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်မှုများစွာရရှိအောင် ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိစဉ် လူငယ်ကဏ္ဍ၊ မီဒီယာကဏ္ဍတို့နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

### လူငယ်ကဏ္ဍ

မေး ။ ။ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်ကိုသွားတဲ့ ချစ်ကြည်ရေးခရီးစဉ်သတင်းထုတ်လွှင့်မှုတွေကို မီဒီယာ အမြောက်အမြားမှာ တွေ့ရပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော် သတိထားမိတာက အဲဒီနိုင်ငံရဲ့ ပြည်နယ်အဆင့် ဝန်ကြီးအများစု၊ ဝန်ထမ်းအကြီးအကဲတွေ၊ အသင်းအဖွဲ့ တာဝန်ရှိသူတွေဟာ တက်ကြွတဲ့လူငယ်တွေ ဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လူငယ်တွေရဲ့ အခန်းကဏ္ဍဟာ နည်းပါးနေပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်ချုပ် ဘယ်လို ထင်မြင်ပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူငယ်တွေရဲ့ အခန်းကဏ္ဍက တော်တော်အရေးကြီးပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို သွားပြီဆိုရင် လူငယ်အခန်းကဏ္ဍက ပိုအရေးကြီးတယ်။ ဘာကြောင့် လူငယ်အခန်းကဏ္ဍက အရေးကြီးလဲဆိုတော့ ဒီလူငယ်တွေကပဲ ခေါင်းဆောင်တက်လုပ်မှာဖြစ်တယ်။ ဒီလူငယ်တွေကပဲ အဖွဲ့အစည်း အသီးသီးမှာ ပါဝင်မှာဖြစ်တယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက တော့ လူငယ်နဲ့ လူကြီးတွေရဲ့ ကွာခြားချက်ပေ့ါ။ လူငယ်တွေကတော့ သူ့ရဲ့ လိုအင်ဆန္ဒပေ့ါ၊ လူကြီးတွေကတော့ ကြောင့်ကြမှုပေ့ါ။ အတိုချုပ်ပြောရရင် လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှု။ လူငယ်တွေရဲ့ တောင့်တမှုဆိုတာ လူငယ်တွေသည် သူတို့က အမြဲတမ်း အလိုရှိတယ်။ တိုးတက်စေချင်တယ်။ လူငယ်တွေသည် ဒ့ါထက်ပိုပြီး တော့ ကောင်းစေချင်တယ်။ ဒ့ါထက်ပိုပြီးတော့ အလုပ်လုပ်ပြချင်တယ်။ ဒ့ါထက်ပိုပြီးတော့ ကြိုးစားပြချင်တယ်။ လူငယ်တွေရဲ့ တောင့်တမှုသည် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေပါတယ်။ လူကြီးတွေရဲ့ ကြောင့်ကြမှုဆိုတာ ဘာကိုကြောင့်ကြတာလဲဆိုတော့ ဒါကိုလုပ်ပေးလိုက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံအတွက် ဘာတွေထိခိုက်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဝင်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဖြစ်လာနိုင်မလဲ၊ လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှုတွေကို အတိုင်းအတာတစ်ခုအထိ သူတို့နိုင်ငံတွေက ချိန်ညှိပေးနိုင်တယ်လို့ မြင်တယ်။ ဘာတွေတွေ့ခဲ့သလဲဆိုတော့ လူကြီးတွေ၊ နိုင်ငံအကြီးအကဲတွေ၊ လူကြီးတွေက ဆွေးနွေးနေတယ်။ ဆွေးနွေးနေတဲ့ အချိန်မှာ လူငယ်ဝန်ကြီးတွေက အဲဒီစကားဝိုင်းထဲမှာ ဝင်ပြီးတော့ ပြောချင်ပြောတာပဲ။ လူကြီးတွေက ပြောနေတဲ့စကားဝိုင်းထဲမှာ ဝင်ပြောချင်ပြောတာပဲ။ မှန်ရင် အဲဒီလူကြီးက လက်ခံလိုက်တယ်။ ဆက်ပြော၊ လုပ်ပါလို့ ပြောလိုက်တယ်။ အဲဒီတော့ လူငယ်တွေက ခုနတုန်းကပြောတဲ့ တောင့်တမှုတွေ၊ ဖွံ့ဖြိုးတိုးတက်ချင်မှုတွေနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှုတွေ ဒီနှစ်ခုကိုချိန်ညှိရမယ်။ တောင့်တမှုတွေမရရင် ဘာဖြစ်လာမလဲ၊ တောင့်တမှုတွေမရရင် ဒေါသဖြစ်လာတယ်။



ကြောင့်ကြမှုတွေမရရင် ဘာဖြစ်မလဲ၊ ကြောင့်ကြမှုတွေမရရင် မောဟ ဖြစ်တာပေ့ါ။ ဒီကြားထဲမှာ ချိန်ညှိပေးနိုင်ရင်တော့ ဒီဟာသည် ထပ်ပြီးတော့ တိုးတက်လာမယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာန တစ်ခု သီးသန့်ဖွဲ့စည်းထားတာရှိတယ်။ လူငယ်တွေနဲ့ ပတ်သက်ပြီး တော့ ဗလငါးတန်ဖွံ့ဖြိုးဖို့ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် နေတာရှိပါတယ်။ ဒါတွေလည်း ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ ဒါသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ လုပ်ငန်း စဉ်လို့ပဲ မြင်ပါတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီး ပိုပြီးတိုးတက်တဲ့ အသိအမြင်တွေ ပိုပြီးဆောင်ရွက်ချက်တွေ ဆောင်ရွက်မှာ ဖြစ်တယ်။ ဒါသည် လူကြီးတွေရဲ့တာဝန်လည်းဖြစ်တယ်၊ လူငယ်တွေရဲ့တာဝန် လည်းဖြစ်ပါတယ်။ ခုနက ပြောသလို တောင့်တမှုနဲ့ ကြောင့်ကြမှုကို ဟန်ချက်ညီအောင်ထိန်းနိုင်တယ်ဆိုရင် ဒါသည် ပိုမိုတိုးတက်လာ မယ်လို့ မြင်ပါတယ်။

မေး ။ ။ ဒါဆိုမြန်မာနိုင်ငံက လူငယ်တွေဘာလုပ်သင့်သလဲ။

ဖြေ။ ။ လူငယ်တွေအတွက် ကျွန်တော် ပြောချင်တာကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ့်နိုင်ငံ ဒ့ါထက် ငြိမ်းချမ်းရေး၊ ကိုယ့်နိုင်ငံ ဒ့ါထက်သာယာရေးအတွက် မည်သူကအသိအမှတ် ပြုသည်ဖြစ်စေ၊ အသိအမှတ်မပြုသည်ဖြစ်စေ မိမိတာဝန်ပဲ အဲဒီလိုခံယူ ပြီးတော့ လုပ်သွားပေးကြပါလို့ ပြောချင်ပါတယ်။

### မီဒီယာကဏ္ဍ

မေး ။ ။ ကျွန်မတို့ သတင်းထုတ်ပြန်မှုတွေကို ကြည့်တဲ့အခါ အခမ်းအနားတိုင်း လုပ်ဆောင်မှုတိုင်းမှာ ရုရှားမီဒီယာတော်တော် များများကို တွေ့ရပါတယ်။ ရုရှားမှာ မီဒီယာကဏ္ဍတိုးတက်နေတယ်လို့ မြင်ရပါတယ်။ မြန်မာမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဘာလုပ်သင့်တယ်လို့ ထင်ပါသလဲ။

ဖြေ ။ ။ သူတို့နိုင်ငံဘက်က မီဒီယာနဲ့ ကျွန်တော်တို့နိုင်ငံဘက်က မီဒီယာများအနေနဲ့ သူတို့မှာလည်း သူတို့ကိုမကောင်း ရေးတဲ့ မီဒီယာ ရှိကောင်းရှိမှာပေ့ါ။ ဒါပေမဲ့ ကျွန်တော်မြင်တာက သူတို့နိုင်ငံဘက်မှာ ခေါ်ထားတဲ့မီဒီယာတွေရဲ့ လှုပ်ရှားပုံက သူတို့နိုင်ငံ သူတို့တော်တော်လေးကို ဂုဏ်ယူတယ်။ သူတို့နိုင်ငံကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ဂုဏ်ယူတယ်။ သူတို့လုပ်ရပ်ကို ဂုဏ်ယူတာကို တော်တော်လေးမြင်တွေ့ခဲ့ရတယ်။ ကျွန်တော်တို့ သွားလာတဲ့အခါ တချို့သောသတင်းထုတ်လွှင့်ချက် ထဲမှာ သူတို့မီဒီယာတွေရဲ့ လှုပ်ရှားမှုကို ခင်ဗျားတို့ မြင်ရမှာပဲ။ ဒီလိုမျိုး လုပ်ဆောင်နိုင်ဖို့ ဒီလိုမျိုးဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ကလည်း ကြိုးစားရမှာဖြစ်တယ်။ မီဒီယာကလည်း ကြိုးစားရမှာဖြစ်တယ်။ အစိုးရပိုင်းကလည်း လုပ်ပေးရမှာ ဖြစ်တယ်။ မီဒီယာပိုင်းကလည်း လုပ်ပေးရမှာဖြစ်တယ်။ သူတို့နိုင်ငံမှာ ကျွန်တော်တို့တွေ့တာ အလေး ပေးဆက်ဆံတာတွေ၊ နေရာပေးတာတွေ၊ မီဒီယာနဲ့ပတ်သက်ပြီး အားပေးအားမြှောက်ပြုတာတွေ တွေ့ရသလို သူတို့ကိုယ်တိုင်ကလည်း တော်တော့်ကို အရည်အချင်းပြည့်ဝပါတယ်။ ပြည့်ဝတယ်ဆိုတာက ကျွန်တော်တို့ မီဒီယာတွေအများစုနဲ့ မြို့တစ်မြို့ရောက်တိုင်း တွေ့ရ ပါတယ်။ သူတို့မေးတဲ့မေးခွန်းတွေက မထင်မှတ်တဲ့မေးခွန်းတွေ ဖြစ်တယ်။

မေး။ ။ ဒါဆို မြန်မာနိုင်ငံက မီဒီယာတွေအပေါ်မှာ ဘယ်လို မြင်ပါ သလဲ။

ဖြေ။ ။ လက်ရှိ မြန်မာနိုင်ငံရဲ့ မီဒီယာအခင်းအကျင်းကတော့ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အားမရဘူးလို့ ပြောရမှာ ပေ့ါ။ အားမရဘူး ဆိုတာက ၂ ပိုင်းပေ့ါ။ နံပါတ် ၁ အပိုင်းက ပြည်ပ ကနေရှိနေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ လှုံ့ဆော်မှု၊ နံပါတ် ၂ အပိုင်း ကတော့ ပြည်တွင်းမီဒီယာတွေအနေနဲ့ကတော့ ကျွန်တော်စာနာ ပါတယ်။ ကန့်သတ်ချက်တွေအများကြီးထဲက သူတို့လုပ်နေတာ ဖြစ်တယ်။ သူတို့မှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ မရှိဘူးလို့ ပြောတာ မဟုတ်ဘူး။ ရှိတယ်၊ ရှိပေမယ့်လို့ ဒါကို သူတို့မှာ ထင်ထင်ပေါ်ပေါ် ပြနိုင်ဖို့၊ ပွင့်ပွင့်လင်းလင်းပြနိုင်ဖို့ ဒါမှမဟုတ် ရက်ရက်ရောရော ပြနိုင်ဖို့ အခွင့်အလမ်းနည်းပါးတယ်။ ဘာပဲပြောပြော ကျွန်တော်တို့က ရွေးကောက်ပွဲလုပ်မယ့် အခင်းအကျင်း၊ ရွေးကောက်ပွဲပြီးတဲ့ ကာလ တွေမှာတော့ ပိုပြီး ပွင့်လင်းလာမယ်လို့ မြင်ပါတယ်။ မြန်မာ့မီဒီယာ ကဏ္ဍလည်း ဒ့ါထက်ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်။

## PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်သူများအား အသိပေးခြင်း

(၁၀ -၃-၂၀၂၅)

၁။ PJ နိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လက်ဝယ်ရှိနေသူများသည် အေဂျင်စီအစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိအစီအစဉ် (ကျွမ်းကျင်) ဖြင့်သော်လည်းကောင်း၊ ခွင့်ပြန်လာသဖြင့် ခွင့်ရက်စေ့က ပြန်လိုခြင်းကြောင့်သော်လည်းကောင်း ပြည်ပနိုင်ငံများသို့ ထွက်ခွာမည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ Online မှတစ်ဆင့် လျှောက်ထားကာ (လူကိုယ်တိုင်လာရောက်ခြင်းမပြုရန်) ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရမည် ဖြစ်ပါသည်-

(က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရန် လျှောက်ထားသည့်စာ၊

(ခ) နိုင်ငံကူးလက်မှတ်မိတ္တူ (ဓာတ်ပုံပါစာမျက်နှာနှင့် နေထိုင်ခွင့်သက်တမ်းစာမျက်နှာ)၊

(ဂ) သက်တမ်းရှိနေသည့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ရှေ့/ နောက် မိတ္တူ၊

(ဃ) ခွင့်ပြန်အလုပ်သမားများဖြစ်ပါက သက်တမ်းရှိနေသည့် အလုပ်လုပ်ခွင့်ပါမစ် မိတ္တူနှင့်အလုပ်ရှင်မှ ခွင့်ဖြင့်နေရပ်သို့ပြန်ရန် ခွင့်ပြုသည့် ခွင့်စာ၊

(င) အေဂျင်စီများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်နေသည့် သက်ဆိုင်ရာ Email များသို့ တင်ပြရန်၊

(စ) မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သတ်မှတ်အထောက်အထားများနှင့်အတူ migrantdeparture@gmail.comသို့ ပေးပို့လျှောက်ထားရန်၊

(ဆ) အနည်းဆုံး ရုံးပိတ်ရက် (မပါ) ၅ ရက်ကြိုတင်၍ လျှောက်ထားရန်။

၂။ ဝန်ကြီးဌာနအနေဖြင့် စိစစ်ပြီးနောက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုသည့်စာရင်းများကို Safe Migration Telegram Channel တွင် ကြေညာပေးမည်ဖြစ်ပြီး သက်ဆိုင်ရာလေဆိပ်များသို့လည်း ပေးပို့ထားမည်ဖြစ်ပါသည်။ ဤအသိပေးကြေညာချက်ပါ လုပ်ငန်းစဉ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် (တနင်္လာနေ့)တွင် စတင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်လိုသူများအား အသိပေးခြင်း

(၁၀ -၃-၂၀၂၅)

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကာလအတွင်း ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ရန် ထွက်ခွာမည့်သူများစာရင်းစိစစ်ခြင်း၊ OWIC ကတ်ထုတ်ပေးသော စက်များ၌ တပ်ဆင်ထားသည့် Software များပြုပြင်ခြင်း၊ OWIC ကတ်ထုတ်ပေးရေးစင်တာများ တစ်နေရာတည်းပေါင်းစည်းခြင်း၊ အလုပ်ရှင်/ အလုပ်သမားစာချုပ် ချုပ်ဆိုသည့်နေရာများ တစ်စုတစ်စည်းတည်းဖြစ်အောင် ပြင်ဆင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် OWIC ကတ် ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ခေတ္တရပ်ဆိုင်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ OWIC ကတ်အသစ် ပြုလုပ်လိုသူများအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက် (ကြာသပတေးနေ့)မှစ၍ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြထားသည့် အတည်ပြုပြီး အလုပ်ခေါ်စာများ (တင်ပြရက်စွဲအစဉ်အလိုက်)အရ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ရရှိပြီးသူများအားလည်းကောင်း၊ မိမိအစီအစဉ်(ကျွမ်းကျင်)ဖြင့် သွားရောက်မည့်သူများအားလည်းကောင်း စိစစ်ပြီး OWIC ကတ် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း OWIC ကတ် ထုတ်ယူရရှိမှသာ လေယာဉ်လက်မှတ်ဝယ်ယူခြင်းကို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း / အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ပသို့သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများ ကသွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သံတမန်ဝန်ထမ်းတစ်ဦးအတွက် အရေးအကြီးဆုံးတာဝန်သည် နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေရန်ဖြစ်ကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အား အနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် အစဉ်အမြဲကြိုးစားကြရမည် ဖြစ်ကြောင်း။

နိုင်ငံနှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းမည့် ကိစ္စရပ်များကို သတ္တိရှိရှိ တာဝန်ထမ်းဆောင်ရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို သိရှိထားရန် လိုအပ်ကြောင်း၊ သံတမန်ကျင့်ဝတ်နှင့်အညီ နေထိုင်ပြီး ပေးအပ်သည့်တာဝန်များကို စိတ်ရင်းစေတနာထား၍ မျှော်မှန်းချက်ရှိရှိ ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဦးချင်းအလိုက် နေထိုင်ကျင့်ကြံရမည့် အပြုအမူများ၊ ကြိုးစားအားထုတ်မှုများကို ဆင်ခြင်ဉာဏ်သုံး၍ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကို ကြိုတင်လေ့လာသွားရန်လိုအပ်ပြီး သိရှိမှသာ တာဝန်ထမ်းဆောင်မှုတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း။

သံတမန်ဝန်ထမ်းများ အနေဖြင့် တာဝန် ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေး တိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ရန်သူကို မိတ်ဆွေဖြစ်အောင်၊ မိတ်ဆွေကို အကျိုးစီးပွား ဖြစ်ထွန်းအောင် လုပ်ဆောင်ရန် အရေးကြီးကြောင်း၊ ရောက်ရှိသည့်နိုင်ငံတွင် မြင်တွေ့ရသည့် ဖြစ်ပေါ်တိုးတက်မှုများကို နမူနာယူ၍ အားသာချက်/ အားနည်းချက်များကို သင်ခန်းစာယူတတ်ရန်လိုကြောင်း၊ သံတမန်ဖြစ်သည့်အတွက် Communication Skill/ Negotiation Skill ကောင်းမွန်ပြီး ကျွမ်းကျင်မှုရှိရန်လိုကြောင်း။

သံတမန်တစ်ဦး ဖြစ်သည့်အတွက် Capacity Building ကို အစဉ်အမြဲ မြှင့်တင်နေရန်လိုအပ်ပြီး သားသမီးများ၏ ပညာရေးကိုလည်း အားပေးရန် မှာကြားလိုကြောင်း၊ ယနေ့ခေတ် တိုးတက်လာသည့် နည်းပညာရပ်များကို လေ့လာသင်ယူပြီး ထိရောက်စွာ အသုံးချတတ်ရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံကို အကောင်းဆုံး ကိုယ်စားပြု (Represent) လုပ်နိုင်သူဖြစ်ရန် ကြိုးစားတာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန် အထောက်အကူပြုရမည် ဖြစ်ကြောင်း။

ထို့ပြင် သံတမန်တစ်ဦးအနေဖြင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက် တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားကိုပါ တတ်မြောက် ကျွမ်းကျင်ရန် ကြိုးစားလေ့လာသင်ယူ စေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၃၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၁၀-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂-၃-၂၀၂၅ ရက်နေ့ ည ၈:၀၀ နာရီမှ ၉-၃-၂၀၂၅ ရက်နေ့ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၃၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန် ဆောင်ရွက်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၀


အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ်ကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ် (အတု)များပြုလုပ်ကာ ပြည်ပတက္ကသိုလ်များတွင် ပညာသင်ကြားနိုင်သည်ဟု မက်လုံးများပေး၍ လိမ်လည်ဆောင်ရွက်လျက် ရှိကြောင်း၊ ၎င်းတို့အပေါ် ယုံကြည်ခဲ့သည့် ကျောင်းသား ကျောင်းသူများသည် ပြည်ပတက္ကသိုလ်များ၌ ပညာသင်ကြားရန် လျှောက်ထားရာတွင် စာရွက်စာတမ်းများ၊ ဘွဲ့လက်မှတ်များမှာ တရားဝင်မှုမရှိသောကြောင့် သက်ဆိုင်ရာတက္ကသိုလ်များက လက်မခံသည့်အတွက် ကျောင်းတက်ရောက်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကေဇင်ထွန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆေးတက္ကသိုလ်(မန္တလေး)၌ ပညာသင်ကြားခဲ့ပြီး ကလေးဆေးရုံကြီး(မန္တလေး)နှင့် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးတို့တွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး)မှ ဆေးပညာ ဘွဲ့လက်မှတ်ရရှိခဲ့ပြီး ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိဘဲ ပြည်ပသို့ တရားမဝင်ထွက်ခွာသွားခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး) ယာယီတက္ကသိုလ် ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း (Disloyal Civil Servant-DCS) ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ် - မန္တလေး၊ ပါမောက္ခချုပ်အဖြစ်မှ ထုတ်ပယ်ခံထားရသူ)က တရားမဝင်ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် ဒူဘိုင်းမြို့တွင် ဆက်လက် ပညာသင်ကြားရန်အတွက် တရားမဝင်လျှောက်ထားခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မတ် ၄ ရက်တွင် ဒူဘိုင်းမြို့ရှိ The Data flow Group Company မှ ကေဇင်ထွန်း၏ ပညာ ဆက်လက်သင်ကြားရန် လျှောက်ထားမှုနှင့် ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာဘွဲ့လက်မှတ်အား အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ် (မန္တလေး) သို့ အကြောင်းကြားလာခဲ့ရာ အဆိုပါ ယာယီ ဆေးပညာဘွဲ့လက်မှတ်အား တာဝန်ရှိသူများက စိစစ်ခဲ့ရာ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပေးသည့် ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြစ်ကြောင်း သိရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်လက် သတင်းပို့တင်ပြခဲ့သည်။

စာမျက်နှာ ၈ သို့

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်အတုအား Notary(သက်သေခံချက်)ပြုလုပ်ပေးခဲ့သည့် တရားခံများဖမ်းဆီးရမိမှု






သစ္စာမဲ့ဝန်ထမ်း (Disloyal Civil Servant-DCS) ဖြစ်သူ ခင်မောင်လွင်(ဆေးတက္ကသိုလ် -မန္တလေး၊ပါမောက္ခချုပ်အဖြစ်မှ ထုတ်ပယ်ခံထားရသူ)



ယာယီဆေးပညာဘွဲ့ လက်မှတ်အတု ပြုလုပ်ခဲ့သူ ကေဇင်ထွန်း



ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင် ရှေ့နေ လှဝင်း



အောင် Notary ဆိုင်ပိုင်ရှင် အေးသီတာ



Angel Online Notary Service လုပ်ကိုင်သူ အိလှဲ့လှဲ့ထွန်း



လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင် ဇာနည်လွင်(ခ) လပြည့်



Notary ဌာနစိတ်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး



Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ် နိုင်နိုင်လတ်



Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ် မောင်မောင်ချစ်စန်းဦး

○ စာမျက်နှာ ၇ မှ

ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်( အတု)ပြုလုပ်ပေးခဲ့မှုနှင့်ပတ်သက်၍ စိစစ်ရန်အတွက် ၂၀၂၅ ခုနှစ် မတ် ၅ ရက်တွင် ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတား မြို့နယ်ရှိ ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင် ရှေ့နေ လှဝင်း၊ လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင် ဇာနည်လွင် (ခ)လပြည့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန Notary ဌာနစိတ် (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးတို့ သုံးဦးကိုလည်းကောင်း၊ မတ် ၆ ရက်တွင် Notary ဌာနစိတ် (ရန်ကုန်)မှ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦး၊ ကျောက်တံတားမြို့နယ်ရှိ အောင် Notary ဆိုင်ပိုင်ရှင် အေးသီတာနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်ရှိ Angel Online Notary Service လုပ်ကိုင်သူ အိလှဲ့လှဲ့ထွန်းတို့ လေးဦးကို လည်းကောင်း ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၎င်းတို့ကို စိစစ်ရရှိချက်များအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကေဇင်ထွန်းက အိလှဲ့လှဲ့ထွန်း (Angel Online Notary Service) ကိုဆက်သွယ်၍ ၎င်း၏အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ကို Notary (သက်သေခံချက်)ပြုလုပ်ပေးရန် ငွေကြေးပေး၍ စေခိုင်းခဲ့ရာ အိလှဲ့လှဲ့ထွန်းက ကေဇင်ထွန်း၏ ဘွဲ့လက်မှတ်(အတု)ကို Notary (သက်သေခံချက်) ပြုလုပ်ရန်နှင့် Notary ဌာနစိတ် (ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ဇာနည်လွင် (ခ) လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)ကို ငွေကြေးပေး၍ ထပ်မံစေခိုင်းခဲ့ကြောင်း၊ ဇာနည်လွင်(ခ)လပြည့်သည် ၎င်း Notary (သက်သေခံချက်)(အတု) ကို ရှေ့နေ လှဝင်း (ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်) ထံသို့ ငွေကြေးပေး၍ ရှေ့နေလက်မှတ် ရေးထိုးစေခဲ့ပြီး အေးသီတာ (အောင် Notary ဆိုင်ပိုင်ရှင်)နှင့် ချိတ်ဆက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်လက်မှတ်ရရှိနိုင်ရန် ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း၊ အေးသီတာသည် ၎င်း Notary(သက်သေခံချက်)(အတု) ကို နိုင်ငံခြားရေးဝန်ကြီးဌာန နိုတြီဌာနစိတ် (ရန်ကုန်)တွင် လက်မှတ်ရေးထိုးနိုင်ရန် ပွဲစား ခိုင်ခိုင် (ထွက်ပြေးတိမ်းရှောင်) ကို ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း သိရှိရသည်။

ပွဲစား ခိုင်ခိုင် (ထွက်ပြေးတိမ်းရှောင်)သည် ကေဇင်ထွန်း၏ Notary(သက်သေခံချက်)(အတု) ကို Notary ဌာနစိတ် (ရန်ကုန်) မှ ထပ်ဆင့်လက်မှတ်ရရှိရန် ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့ကို ငွေကြေးပေး၍ ဆောင်ရွက်စေခဲ့ကြောင်း၊ ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့က Notary(သက်သေခံချက်)(အတု) ကို ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးထံသို့ ဆက်လက်တင်ပြခဲ့ကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးက ငွေကြေးရယူ၍ ၎င်း Notary (သက်သေခံချက်) (အတု) ကို လက်မှတ်ရေးထိုးပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။




အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)က ထုတ်ပေးထားသည့် ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်အတုကို Notary (သက်သေခံချက်) ပြုလုပ်ထားရှိမှု။




ဆေးတက္ကသိုလ်(မန္တလေး)မှ ရရှိခဲ့သည့် ကေဇင်ထွန်း၏ ဆေးပညာဘွဲ့လက်မှတ်။




အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)က ထုတ်ပေးထားသည့် ကေဇင်ထွန်း၏ အမှတ်စာရင်းအတု။



ရှေ့နေ လှဝင်း၏ Notary (သက်သေခံချက်)ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် မှတ်ပုံတင်စာအုပ်နှင့် တံဆိပ်တုံးများကို တွေ့ရစဉ်။

သို့ဖြစ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး) ယာယီ တက္ကသိုလ်ကောင်စီက ထုတ်ပေးခဲ့သည့် တရားမဝင် ယာယီ ဆေးပညာဘွဲ့လက်မှတ်အတုဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက် ပညာသင်ကြားရန် လျှောက်ထားသည့် ကေဇင်ထွန်းအား Black List (အမည်မည်းစာရင်း) ရေးသွင်း၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကေဇင်ထွန်း၏ ယာယီ ဆေးပညာဘွဲ့လက်မှတ် (အတု)ကို Notary(သက်သေခံချက်)ပြုလုပ်ပေးခဲ့သူများဖြစ်ကြသော အိလှဲ့လှဲ့ထွန်း (Angel Online Notary Service)၊ ဇာနည်လွင်(ခ)လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)၊ ရှေ့နေလှဝင်း (ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်)နှင့် အေးသီတာ(အောင် Notary ဆိုင်ပိုင်ရှင်)တို့ လေးဦးကိုလည်းကောင်း၊ ၎င်းဘွဲ့လက်မှတ် (အတု)ကို ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန Notary ဌာနစိတ် (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး၊ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦးတို့ သုံးဦးကိုလည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ပွဲစား ခိုင်ခိုင်ကိုလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘပြည်သူများ အနေဖြင့်လည်း မိမိတို့၏ သား သမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသောတက္ကသိုလ်များတွင်သာ တက်ရောက် ပညာသင်ကြားစေရေး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်၊ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့က တရားမဝင် ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများတွင် စာသင်ကြားမှုများ မပြုလုပ်ရန်၊ ၎င်းတရားမဝင် တက္ကသိုလ်များ၊ ပညာရေးကျောင်းများ၊ အွန်လိုင်းပညာရေးစနစ်များနှင့်ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ ဆက်သွယ် သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "HUGE Oak" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကင်းပိုင်ခြံကျေးရွာနေ ဝင်းဇော်ထွန်း(ခ)ဥသာဘီး(ခ)ကျောင်းဆရာအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် အင်းတကော်နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၈၃ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

### ညှိနှိုင်းဆောင်ရွက်

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းတပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဥကရစ်ဘွန်တန်နွန်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံအမတ်ကြီး H.E. Mr. Pranav. Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံပူးပေါင်း၍ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အဆိုပါနိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများ၊ တတိယနိုင်ငံသားများအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်မည့် ကိစ္စရပ်များ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-မယ်ထော်သလေး နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၃၅၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၁၉၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၄၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၅၁၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂါန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်




## ကျောက်ကြီးနှင့် မူးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲပစ်ခတ်မှုကြောင်း ပြည်သူသုံးဦး သေဆုံး၊ နှစ်ဦးဒဏ်ရာရခဲ့ပြီး နေအိမ်များပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်နှင့် မူးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၆ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရခဲ့ပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များ အနီးတစ်ဝိုက်တွင် အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်



**မကွေး မတ် ၁၀**

မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို မတ် ၇ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ လျှပ်စစ်နှင့်ပတ်သက်သည့် မီးလောင်မှုအကြောင်းအရင်းများကို ရှင်းလင်းပြောကြားရာ အခမ်းအနားသို့ လျှပ်စစ်အင်ဂျင်နီယာရုံး(မကွေး)မှ ဝန်ထမ်းအင်အား ၇၀ ဦး တက်ရောက်သည်။

ဆက်လက်၍မီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် ရှင်းလင်းပြောကြားခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကိုပြသရာ ဝန်ထမ်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းလာပြီးဖြစ်သဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးသတ်မှုရေးနှီးဆော်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အောင်ကို (ဖန်ခါးမြေ)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် မတ် ၁၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မတ် ၇ ရက် နံနက် ၉ နာရီခွဲက တာချီလိတ် မြို့နယ်၊ ပါခုတ်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သက်နိုင်ဝင်း(ခ)ကိုသက် ဆိုသူ မောင်းနှင်လာသည့် HONDA INSIGHT အမျိုးအစား မော်တော် ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သက်နိုင်ဝင်း(ခ) ကိုသက်(၃၈) နှစ်ဆိုသူအား ဝမ်ပုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ထရမ့်နှင့် ယှဉ်ပြိုင်ရမည့် ကုန်သွယ်ရေးစစ်ပွဲတွင် နိုင်စေရမည်ဟု ကနေဒါ ရွေးကောက်ပွဲအနိုင်ရရှိခဲ့သော မာ့ခ်ကာနေး ကတိပြု



**အော့တာဝါ မတ် ၁၀**

အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်နှင့် ယှဉ်ပြိုင်ရမည့် ကုန်သွယ်ရေးစစ်ပွဲတွင် အနိုင်ရစေရမည်ဟု ဂျပ်စတင်ထရူဒိုး၏ နေရာတွင် ကနေဒါဝန်ကြီးချုပ်အဖြစ် ဆက်ခံရန်ရွေးကောက်ပွဲ အနိုင်ရရှိခဲ့သော မာ့ခ်ကာနေး ကတိပြုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကနေဒါဗဟိုဘဏ်နှင့် အင်္ဂလန်ဘဏ်၏ ဥက္ကဋ္ဌဖြစ်ခဲ့သူ ကာနေးသည် လစ်ဘရယ်ပါတီ၏ ခေါင်းဆောင်ပြိုင်ပွဲတွင် ပြိုင်ဘက်သုံးဦးကို အနိုင်ရရှိခဲ့သည်။

အကောက်ခွန်များတိုးမြှင့်ခဲ့သည့်အပြင် ကနေဒါကို အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ် ဖြစ်စေလိုသည်ဟု ပြောဆိုခဲ့သော အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ကို အနိုင်ရပွဲ အထိမ်းအမှတ်မိန့်ခွန်းတွင် ကာနေးက တိုက်ခိုက်ခဲ့သည်။

၎င်းသည် လာမည့်ရက်ပိုင်းအတွင်း ဝန်ကြီးချုပ်အဖြစ် ကျမ်းကျိန်မည်ဖြစ်ပြီး လာမည့်ရက်သတ္တပတ်များအတွင်း ခေါ်ယူဖွယ်ရှိသော လာမည့်အထွေထွေရွေးကောက်ပွဲတွင်လည်း လစ်ဘရယ်များကပင် ဦးဆောင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။

ပါလီမန်တွင် အစိုးရကို ဦးဆောင်မည့် ကာနေးသည် ၎င်းကိုယ်တိုင် အရေးပေါ်အထွေထွေရွေးကောက်ပွဲကို ခေါ်ယူနိုင်သကဲ့သို့ အတိုက်ခံပါတီများက ဒီဇင်ဘာလနောက်ပိုင်းတွင် အယုံအကြည်မရှိ ဆန္ဒမဲဖြင့် ရွေးကောက်ပွဲကို အတင်းအကျပ်ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ဓာတ်ခွဲခန်းတွင် ဖန်တီးသည့် အသားနှင့် အခြားထုတ်ကုန်များ ဗြိတိန်၌ ပိုမိုဆောလျင်စွာ ထွက်ပေါ်လာနိုင်



**လန်ဒန် မတ် ၁၀**

ဓာတ်ခွဲခန်းတွင် ဖန်တီးထုတ်လုပ်သည့် အသား၊ နို့ထွက်ပစ္စည်းနှင့် သကြားတို့ကို လူသားများ စားသုံးနိုင်ရန် ဗြိတိန်နိုင်ငံတွင် ပထမဆုံးအကြိမ် ရောင်းချရန် နှစ်နှစ်အတွင်းဖြစ်လာနိုင်သည်ဟု မျှော်လင့်ထားရာ ယခုအခါ ထိုထက်ပင် စောနိုင်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစားအစာစံချိန်စံညွှန်းအေဂျင်စီအနေဖြင့် ဓာတ်ခွဲခန်းတွင် ထုတ်လုပ်သည့် အစားအစာများအတွက် အတည်ပြုချက် လုပ်ငန်းစဉ်ကို မည်သို့မြန်ဆန်အောင် လုပ်ဆောင်နိုင်မည်ကို စိစစ်ကြည့်ရှုလျက်ရှိသည်။

ထိုကဲ့သို့သော ထုတ်ကုန်များကို ဓာတုစက်ရုံငယ်များတွင် ဆဲလ်များမှ ဖန်တီးထုတ်လုပ်နေကြသည်။

ဗြိတိသျှကုမ္ပဏီများအနေဖြင့် ထိုနယ်ပယ်တွင် သိပ္ပံနည်းကျ ဦးဆောင်နေသော်လည်း လက်ရှိစည်းမျဉ်းများကြောင့် နှောင့်နှေးနေသည်ဟု ဆိုသည်။

စက်ရုံများတွင် ထုတ်လုပ်သည့် အသားဖြင့် ပြုလုပ်ထားသော ခွေးအစားအစာကို ယူကေတွင် ပထမဆုံးအကြိမ် ပြီးခဲ့သည့်လက ရောင်းချခဲ့သည်။

၂၀၂၀ ခုနှစ်တွင် စင်ကာပူနိုင်ငံသည် လူသားများစားသုံးနိုင်ရန် ဆဲလ်များဖြင့် ဖန်တီးပြုလုပ်သော အသားကို ရောင်းချခွင့်ပြုသည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့ပြီး သုံးနှစ်အကြာတွင် အမေရိကန်နှင့်ပြီးခဲ့သည့်နှစ်က အစ္စရေးနိုင်ငံတို့က ဆက်လက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**Mon**

## ထုတ်ပယ်ခံထားရသော သမ္မတ ယွန်းဆွတ်ယူးလ်ကို ပုန်ကန်မှုဖြင့် အပြစ်ရှိကြောင်း စီရင်ချက်ချမည်ဟု ဆို

**ဆိုးလ် မတ် ၁၀**

တောင်ကိုရီးယားနိုင်ငံတော် အမှုဆောင်ရာထူးမှ ထုတ်ပယ်ခံထားရသော သမ္မတ ယွန်းဆွတ်ယူးလ်ကို ပုန်ကန်မှုဖြင့် အပြစ်ရှိကြောင်း စီရင်ချက်ချမှတ်ရန် တောင်ကိုရီးယားအမှုဆောင်ရှေ့နေချုပ်က ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်ဟု ရှေ့နေချုပ်ရုံး၏ ခေါင်းဆောင်က မတ် ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မိမိအနေဖြင့် တရားရုံး၏ ဆုံးဖြတ်ချက်ကို လေးစားသော်လည်း ဖွဲ့ချက်တင်သည့်အချိန်သည် တရားဝင်ခွင့်ပြုထားသော သက်တမ်းကုန်းဆုံးချိန်ထက် ကာလစည်းမျဉ်းသတ်မှတ်ချက် ကျော်လွန်နေပြီဟူသော တရားရုံး၏ အကဲဖြတ်ချက်နှင့် ကိုက်ညီမှု မရှိကြောင်း ရှေ့နေချုပ် ရှင်းအူဂျုံးက ထောက်ပြသည်။

"အမှုစစ်ဆေးနေစဉ် စောဒကချက်များအပေါ် ရှေ့နေရှေ့ထောင့်မှ ငြင်းခုံဆွေးနွေးရန် ညွှန်ကြားထားပြီး ယင်းစွဲချက်ကို မရုပ်သိမ်းဘဲ ဆက်လက်ကိုင်စွဲထားရန် မိမိတို့အကောင်းဆုံး ကြိုးစားသွားမည်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးကြေညာခြင်းဖြင့် ပုန်ကန်မှုဖြစ်အောင် ဦးဆောင်ခဲ့သည်ဟု စွပ်စွဲခံရသော ယွန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


**Mon**

၀-၀-၀-၀-၀






## လတ်ဗင်ဘတ် တော်ဝင်မိသားစုမှ မင်းသားဖရက်ဒရိတ် ပီအိုအယ်လ်ဂျီခေါ် ရှားပါးရောဂါဖြင့် ကွယ်လွန်



**လတ်ဇင်ဘတ် မတ် ၁၀**

လတ်ဇင်ဘတ်နိုင်ငံမှ မင်းသားဖရက်ဒရိတ်သည် ပီအိုအယ်လ်ဂျီခေါ် ရှားပါးမျိုးရိုးဗီဇရောဂါတစ်မျိုး ခံစားနေရသဖြင့် ကုသမှုခံယူခဲ့ရပြီးနောက် မတ်လဆန်းပိုင်းက ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်တွင် ၎င်းကွယ်လွန်ခဲ့ကြောင်း ၎င်း၏မိသားစုက ဖရက်ဒရိတ် စတင်တည်ထောင်ခဲ့သော ပီအိုအယ်လ်ဂျီဖောင်ဒေးရှင်းဝက်ဘ်ဆိုက်တွင် ကြေညာခဲ့သည်။

"ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီးတို့သည် ကျွန်ုပ်တို့၏သား ပီအိုအယ်လ်ဂျီဖောင်ဒေးရှင်းတည်ထောင်သူနှင့် ဖန်တီးမှုဒါရိုက်တာ ဖရက်ဒရိတ် ကွယ်လွန်ကြောင်း အလွန်ဝမ်းနည်းစွာဖြင့် သတင်းပေးလိုက်ရပါသည်"ဟု လက်ဇင်ဘတ် တော်ဝင်မိသားစုမှ မင်းသားရောဘတ်က ရေးသားခဲ့ကြောင်း သိရသည်။

**Mon**

## အီတလီနိုင်ငံမှ လေးနှစ်အရွယ် မြူချီယာ ခရုတ်ဖ် ခွေးပြိုင်ပွဲတွင် အကောင်းဆုံးဆု ရရှိ

**ရောမ မတ် ၁၀**

အီတလီနိုင်ငံ ဗင်းနစ်မြို့မှ ဝီဖက်ခွေးလေးတစ်ကောင်သည် ဘာမင်ဂမ်မြို့တွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ခရုတ်ဖ်ခွေးပြိုင်ပွဲတွင် အကောင်းဆုံးဆုကို ရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနကဖော်ပြသည်။

လေးနှစ်အရွယ် မြူချီယာသည် မတ် ၉ ရက်က ကျင်းပသည့် ထိုပြိုင်ပွဲ၌ ကမ္ဘာတစ်ဝှမ်းမှ ခွေး ၁၈၀၀၀ကျော်ကို အနိုင်ယူကာ ထိပ်ဆုံးဆုကို ရယူခဲ့သည်။

"ဒါဟာ တကယ်ပဲ အိမ်မက်တစ်ခု လက်တွေ့ဖြစ်လာတာပါ။ မြူချီယာဟာ သူရဲ့ အကောင်းဆုံးစွမ်းရည်ကို ပြသနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ၎င်း၏ လေ့ကျင့်သူ ဂျီယိုဗန်နီ လီဂေါ်ရီက ထုတ်ဖော်ပြောကြားသည်။

အီတလီခွေးတစ်ကောင်အနေဖြင့် အကောင်းဆုံးဆုကို ပထမဆုံးအကြိမ် ရရှိခြင်းဖြစ်ပြီး ထိုဆုနှင့်အတူ ဆုတံဆိပ်နှင့် ငွေကြေးဆုအဖြစ် စတာလင်ပေါင် ၂၀၀ ရရှိခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

**စင်ကာပူ အားကစားအင်စတီတက္ကသိုလ်၊ အမျိုးသားလူငယ်အားကစားတက္ကသိုလ်နှင့် စင်ကာပူ အားကစားကျောင်း စသော အားကစားဆိုင်ရာ အဖွဲ့အစည်းအားလုံးကို တစ်စုတည်းသော အဖွဲ့အစည်းအောက်တွင် စုစည်းထားရှိမည့် အဆောက်အအုံများ နမူနာပုံစံကို တွေ့ရစဉ်။** **Mon**



## မြောက်ကိုရီးယားအခြေစိုက် ဟက်ကာများက ခရစ်ပ်တိုခိုးယူမှုမှ ဒေါ်လာသန်း ၃၀၀ ထုတ်ယူနိုင်

**ပြုံယမ်း မတ် ၁၀**

မြောက်ကိုရီးယားအခြေစိုက် ဟက်ကာများက ၎င်းတို့၏ စံချိန်တင် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ခရစ်ပ်တိုခိုးယူမှုမှ အနည်းဆုံး ဒေါ်လာသန်း ၃၀၀ (စတာလင်ပေါင် ၂၃၂ သန်း)ကို အောင်မြင်စွာ ထုတ်ယူနိုင်ခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လာဇရုအုပ်စုဟု လူသိများသော ဟက်ကာအဖွဲ့သည် လွန်ခဲ့သော နှစ်ပတ်ခန့်က ဘိုင်ဘစ် ခရစ်ပ်တို လဲလှယ်ရေးဌာနကို ဟက်ပြီးနောက် ဒစ်ဂျစ်တယ်ငွေကြေးများကို ခိုးယူခဲ့သည်။

ထိုအချိန်မှစ၍ တစ်ရက်လျှင် ၂၄ နာရီနီးပါး အလုပ်လုပ်နေကြသော အဆိုပါဟက်ကာများကို ခြေရာခံလိုက်ရာမှ ခရစ်ပ်တိုကို အသုံးပြုနိုင်သော ငွေကြေးအဖြစ် ပြောင်းလဲခြင်းမှ တားဆီးရန် ကြောင်နှင့်ကြွက်ကစားသလို ဖြစ်နေခဲ့သည်။

"ငွေကြေးလမ်းကြောင်းကို ရှုပ်ထွေးစေရန် ကြိုးစားနေသော ဟက်ကာများအတွက် မိနစ်တိုင်းသည် အရေးကြီးပြီး ၎င်းတို့လုပ်ဆောင်နေသည်များတွင် အလွန်တရာနှံ့စပ်ကျွမ်းကျင်ကြသည်"ဟု အယ်လစ်တစ် ခရစ်ပ်တိုစုံစမ်းစစ်ဆေးရေးဌာန ပူးတွဲတည်ထောင်သူ ဒေါက်တာ တွမ် ရော်ဘင်ဆန်က ရှင်းလင်းပြောပြသည်။

ခရစ်ပ်တိုငွေကြေးနှင့် ပတ်သက်သော မှောင်ခိုမှုများတွင် မြောက်ကိုရီးယားသည် ခရစ်ပ်တိုငွေကြေးကို ငွေဖြူလုပ်ရာတွင် အကျွမ်းကျင်ဆုံးဖြစ်သည်ဟု ၎င်းက ဆက်လက်ရှင်းပြကြောင်း သိရသည်။ **Mon**



# စူဠာမုနိရုပ်ရှင်တော်မြတ်ဘက်စုံသုံးရန်အတွက် အလှူငွေများ လှူဒါန်း

**မန္တလေး မတ် ၁၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အတုမရှိကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံသုံးရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းတော်ကြီး၌ ကျင်းပသည်။

ဆက်လက်၍ အလှူရှင် ကလောမြို့နေ ဒေါက်တာနန္ဒာလှမြင့်+ဒေါ်သဇင်အေးလင်း၊ (သား)မောင်ဘုန်းနန္ဒာကို မိသားစုက အလှူငွေကျပ် ၅သိန်း၊ ပုသိမ်မြို့နေ ဦးဝင်းကိုကို မိသားစု၊ မန္တလေးမြို့နေ ဦးတင်ထွန်း မိသားစု၊ မန္တလေးမြို့နေ ဦးတင်လင်းဇော်+ဒေါ်စုစုလင်း၊ (သား) မောင်ဖုန်းပြည့်စုံတို့က အလှူငွေကျပ် တစ်သိန်းစီကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရုပ်ရှင်တော်မြတ်ကြီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအလိုက် နေ့စဉ်ဝတ်ရွတ်စဉ်များအတိုင်း ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

**(ယာဝုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀

၀-၀-၀-၀-၀



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့တော်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်များနှင့် ဌာနမှူးများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ၂၆ လမ်းမကြီးတစ်လျှောက် ၆၂လမ်းမှ ၆၆လမ်းအတွင်း လမ်းဘေး ဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးစီမံချက်အရ ချမ်းအေးသာစံနှင့် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန မြောင်းဆယ်လုပ်သားများက မြောင်းအတွင်းမှ မြောင်းစာအမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ သန့်ရှင်းရေးဌာန ဒုတိယဌာနမှူးနှင့် တာဝန်ရှိသူများက ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့နေမှုများအား ရှင်းလင်းဖယ်ရှားဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မန္တလေး(၆)မြို့နယ်တွင် အဓိကမြောင်းမကြီး (၉)မြောင်းနှင့် မြောင်းငယ်များအား နှစ်စဉ် မိုးမကျမီ လူအင်အားနှင့် စက်ယန္တရားများ အသုံးပြု၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ စဉ်ဆက်မပြတ် ဆယ်ယူရှင်းလင်းပေးလျက်ရှိသော်လည်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်နေမှုများကြောင့် မြောင်းများအတွင်း အမှိုက်များ ပိတ်ဆို့လျက်ရှိသည်ကို တွေ့မြင်ရခြင်းကြောင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များ ဖြစ်ပေါ်လာစေရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများစွာ လိုအပ်ပါကြောင်းနှင့် ဗီနိုင်းဖြင့် အရေးယူအပြစ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာပေးရန်တို့ကို ပြောကြားခဲ့ပြီးနောက် ၆၄ လမ်းနှင့် ၆၅ လမ်းအတွင်း ၂၆ လမ်းတောင်ဘက်ခြမ်းတစ်လျှောက် မြောင်းစာဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ မြောင်းဖုံးများ တပ်ဆင်သွားရေးနှင့် ပျက်စီးနေသည့် မြောင်းနေရာများအား ပြန်လည်ပြုပြင်ပေးရေးတို့ကို လမ်းတံတားဌာန ဌာနမှူးအား ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန လုပ်သားများက အမြင့်တင်ကရိန်းကားနှင့် သစ်ပင်ဖြတ်စက်များအသုံးပြု၍ ၂၆ လမ်းဘေး ဝဲ၊ ယာရှိ အပင်ကြီးများ၏ လမ်းပေါ်သို့ ကိုင်းကျနေသည့် သစ်ကိုင်းများအား အလင်းဖွင့်ရှင်းလင်းခြင်းလုပ်ငန်း၊ သန့်ရှင်းရေးဌာန လုပ်သားများက လမ်းဘေး ဝဲ၊ ယာ ချုံနွယ်များအား မြက်ဖြတ်စက်များအသုံးပြု၍ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းမှ လမ်း ၃၀ အတွင်း ရေနီမြောင်းမကြီးဘေး ဝဲ၊ ယာ တစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်အောင် မြောင်းမကြီးဆယ်ယူရှင်းလင်းရာတွင် စက်ယန္တရားများ လွယ်ကူစွာ သွားလာနိုင်ရေးတို့အတွက် မြောင်းနှုတ်ခမ်းဘေး ဝဲ၊ ယာရှိ ကျူးကျော်တဲများ၊ ဆိုင်များအား အခွန်ဌာနမှ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ ရေနီမြောင်းအား နုန်းနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းဆောင်ရွက်ရမည့်အခြေအနေနှင့် အပင်ကြီးများ အလင်းဖွင့်ရှင်းလင်းမှု အမြန်ဆုံးပြီးမြောက်အောင် ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀







# မြနန်းစံကျော်ရွှေနန်းတော်တွင် ရှေးမူမပျက် ကြမ်းခင်းလုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီး



**မန္တလေး မတ် ၁၀**

မန္တလေးမြို့၊ မြနန်းစံကျော်ရွှေနန်းတော်ရှိ မြေနန်းပြာသာဒ်လက်ဝဲပွဲတက်ဆောင်နှင့် လက်ယာပွဲတက်ဆောင်တို့တွင် ရှေးမူမပျက် ကြမ်းခင်းလုပ်ငန်းများကို ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြမ်းခင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန အထူးအဖွဲ့(၆)မှ ဆောင်ရွက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ရှေးမူလက်ရာများဖြစ်စေရေး ကြီးကြပ်ကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။

''မြနန်းစံကျော်ရွှေနန်းတော်ကြီးဟာ မန္တလေးဌာနခွဲအောက်မှာ ရှိပြီး လက်ရှိမှာ ကြမ်းခင်းလုပ်ငန်းတွေအပြင် နန်းတော်တိုင်လုံးတွေကို ယွန်းကြိုးထိုးလုပ်ငန်း၊ ဆေးသုတ်လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ရိုးရာအစဉ်အလာအတိုင်း ရှေးမူမပျက်ခင်းကျင်းနေပါတယ် ကြမ်းခင်းလုပ်ငန်းအနေနဲ့ ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ခဲ့ပြီး ယခုဘတ်ဂျက်နှစ်အတွင်း ပြီးစီးမှာပါ''ဟု ၎င်းက ပြောသည်။

ယခုဘဏ္ဍာနှစ်၌ မြေနန်းပြာသာဒ်တော်ကြီးနှင့် လက်ဝဲ၊ လက်ယာ ၂ ခန်းတို့တွင် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအနေဖြင့် မြေနန်းပြာသာဒ်တော်ကြီး အကျယ် ၅၉ ပေ × ၃၄ ပေနှင့် လက်ဝဲနှင့်လက်ယာ ပွဲတက်ဆောင်တို့တွင် လက်ဝဲ၊ လက်ယာ တစ်ဖက်လျှင် ၂၅ ပေစီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

''ကြမ်းခင်းရာမှာ မြန်မာနိုင်ငံဟာ သစ်တောသယံဇာတပေါများတဲ့အတွက် ဘုန်းတော်ကြီးကျောင်းတွေ၊ နန်းတော်တွေဆောက်လုပ်ရာမှာ ရှေးမူမပျက်သစ်သားနဲ့ ကြမ်းခင်းပါတယ်။ မြနန်းစံကျော်ရွှေနန်းတော်ကို မူလပုံစံအတိုင်း ရှေးမူမပျက်ပြန်လည်တည်ဆောက်ခဲ့စဉ်က ကွန်ကရစ်ခင်းထားခဲ့ပေမယ့် ယခုတော့ သစ်သားနဲ့ ခင်းကျင်းတာဖြစ်ပါတယ်''ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးမှ ရတနာပုံခေတ် မြန်မာမှုလက်ရာများအပြင် ဒင်္ဂါးစက်ရုံ၊ ဥပုသ်တော်ဆောင် စသည်ဖြင့် မင်းတုန်းမင်းလက်ထက်က တည်ရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများကို လေ့လာကြည့်ရှုနိုင်သကဲ့သို့ အပန်းဖြေအနားယူရန် ကောင်းမွန်သည့်နေရာဖြစ်သောကြောင့် နေ့စဉ် ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ် -၉)



# နတ်မောက်မြို့၌ နွေရာသီကျောင်းပိတ်ရက်များတွင် အခမဲ့အခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

**နတ်မောက် မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်များတွင် အခမဲ့ အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်စေရန်၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ယနေ့ကမ္ဘာကြီးတွင် နည်းပညာများသည် တစ်စထက်တစ်စ တိုးတက်ပြောင်းလဲလျက်ရှိရာ ကွန်ပျူတာနှင့် အင်္ဂလိပ်စာများကို ခေတ်နှင့်အညီ လူသားတိုင်း ကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်၊ ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်စာအခြေခံတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ယူတတ်မြောက်စေရန် အခမဲ့ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့်အတူ အနုပညာစိတ်ကူး စိတ်သန်း ကောင်းမွန်စေရန်အတွက် အခမဲ့ပန်းချီသင်တန်းများကိုလည်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့ အထောက်အကူပြု အခမဲ့ကွန်ပျူတာသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းများကို သင်တန်းနည်းပြများက တနင်္လာနေ့မှ သောကြာနေ့အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၅)

# Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်း

**ကွန်ဟိန်း မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်နှင့် အသိပညာဗဟုသုတများ တိုးတက်လာစေရန် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းခြင်းကို မတ် ၄ ရက် မွန်းလွဲ ၂ နာရီက လူမှုဝန်ထမ်းဦးစီးဌာနရုံးသို့ ကွင်းဆင်းငှားရမ်းပေးခဲ့သည်။

အဆိုပါ စာအုပ်ငှားရမ်းပေးရာတွင် သုတ၊ ရသစာအုပ်များ၊ ပုံပြင်၊ ရုပ်ပြ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်များကို စုံလင်စွာ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀

# မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ ပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုင်ရာများ သိရှိစေရန်နှင့် လိုက်နာဆောင်ရွက်စေရန်ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသီဟက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်းများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအကြောင်းများကို ပညာပေးဟောပြောခဲ့ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပြီး အခမ်းအနားတက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၅)**



# အုန်းသီး ဝယ်ယူမှုကောင်းမွန်လာခြင်းကြောင့် အရောင်းအဝယ်သွက်လက်

**မန္တလေး မတ် ၁၀**

မန္တလေးဈေးကွက်အတွင်း အုန်းသီးအား ဂျယ်လီထုတ်လုပ်ခြင်းနှင့် အရည်သောက်ရန် ဝယ်ယူမှုရှိလာခြင်းတို့ကြောင့် အရောင်းအဝယ်သွက်လက်လျက်ရှိကြောင်း အုန်းသီးရောင်းဝယ်သူများထံမှ သိရသည်။

အုန်းသီးများအား ကျန်းမာရေးအတွက် အုန်းသီးနုများကို အရည်သောက်အဖြစ် ဝယ်ယူကြပြီး အုန်းသီးအရင့်များအား ဂျယ်လီ၊ ဇွန်းခြစ်အဖြစ်လည်းကောင်း ဝယ်ယူကြသည်။

''အပူချိန်နည်းနည်းပြင်းလာတဲ့အတွက် အုန်းရည်သောက်တဲ့သူတွေ အရင်ကထက် ပိုများလာတယ်။ ပိုလည်း ရောင်းလာရတယ်။ ဂျယ်လီ၊ အုန်းခြစ်တွေကိုလည်း တော်တော်လေးရောင်းလာရတယ်။ အရောင်းအဝယ်တက်လာတဲ့အတွက် အုန်းသီးဈေးက နည်းနည်းတော့ တက်လာတယ်''ဟု အုန်းသီးရောင်းချသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် ကျန်းမာရေးအရ အုန်းရည်သောက်သူများရှိလာပြီး အရည်သောက်အုန်းသီးရောင်းချရမှုမှာ ဈေးကွက်တစ်ခုအဖြစ် ဖြစ်လာလျက်ရှိကြောင်း၊ ရောင်းချရာတွင် အုန်းသီးအရည်နှင့် အုန်းခြစ်အဖြစ် စားသုံးနိုင်သည့် အုန်းသီးများကို အဓိက ရွေးချယ်ရောင်းချရသည်။

''အရည်သောက်အုန်းသီးတွေကို လူတွေက ပိုမိုဝယ်ယူလာတဲ့အတွက် အချို့က တအားနုတာတွေကို ထည့်ရောင်းကြတယ်။ အဲဒါတွေက သောက်လို့မကောင်းဘူး။ ချဉ်တာလိုလို၊ ဖန်တာလိုလိုနဲ့ အဆင်မပြေဘူး။ ဒါကြောင့် အုန်းရည်ဝယ်တာကိုလည်း ဂရုတစိုက် ဝယ်ယူနေရတယ်။သောက်သုံးမှုများလာတဲ့အတွက် ဆိုင်တွေကလည်း အဆင်ပြေသလို လုပ်လာကြတာထင်တယ်''ဟု အုန်းရည်သောက်သုံးသူတစ်ဦးက ပြောသည်။

လက်ရှိအုန်းသီးဈေးကွက်အတွင်း တစ်လုံးလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ခန့် ဈေးနှုန်းရှိပြီး ရေခဲစိမ်အုန်းရည်၊ ဇွန်းခြစ်စားသုံးနိုင်သော အုန်းသီးများမှာ ပုံမှန်ရောင်းချနေသော ဈေးနှုန်းများထက် ပိုမိုကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းမှထွက်ရှိသော အုန်းသီးများအား တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့မှုများ ပြုလုပ်လျက်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အုန်းသီးလုံးရေ သန်းလေးရာကျော်ထွက်ရှိကြောင်း၊ ပြည်တွင်းတွင် မုန့်လုပ်ငန်းများ၊ အုန်းဆီစက်များနှင့် အလှကုန်ထုတ်လုပ်သည့်လုပ်ငန်းများက ဝယ်ယူကြကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ သတင်းများအရ သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

*-*-*-*-*-*-*



# ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါရှိရေးဆွေးနွေး ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေး

**မန္တလေး မတ် ၁၀**

ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါရှိရေးနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၄ ရက် နံနက် ၁၀ နာရီက စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်ရုံးတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါရှိရေး၊ ကုန်အညွှန်းအမှတ်အသား မရှိပါက လျှော့ကျထားစေရေးနှင့် လုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်းသုံး စားသုံးဆီများ အမှန်တကယ် အသုံးပြုစေရေးပြောကြားပြီး တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များ၏ သိလိုသော မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။



စားသုံးသူရေးရာဦးစီးဌာန၊ မြင်းခြံခရိုင်ရုံးမှ ဝန်ထမ်းများသည် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မတ် ၃ ရက်က မြင်းခြံမြို့ရှိ ကိတ်မုန့်လုပ်ငန်းများ၊ ကြက်သွန်ပေါင်းကြော် လုပ်ငန်းတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(၀၄၅)



## ဥပဇ္ဈာယ်မ္ဘကအဖွဲ့က ဦးဆောင်၍ စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်

**မန္တလေး မတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာသက္ကရာဇ် ၁၃၈၅ခု (၂၀၂၄)ခုနှစ်က ကျင်းပခဲ့သည့် နိကာယ်ဓမ္မာစရိယ ပါဠိပထမပြန်စာမေးပွဲများတွင် ချမ်းအေးသာစံမြို့နယ်မှ အောင်မြင်တော်မူသော သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက မဟာလောကရံသီအိမ်တော်ရာဘုရား ရတနာဃရ(၁၄)ခန်း ဓမ္မဗိမာန်တော်တွင် ကျင်းပရာ ဩဝါဒစရိယ မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တဝိဓရ အမှူးပြုသော ဩဝါဒဆရာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ ချမ်းအေးသာစံမြို့နယ် ဥပဇ္ဈာယ်မ္ဘကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဩဝါဒဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဥပဇ္ဈာယ်မ္ဘကအဖွဲ့ဝင်များက စာအောင်သံဃာ ၃၁၅ ပါး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင်မြင်သူ လူပုဂ္ဂိုလ် ၂၄၈ ဦးတို့အား အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ကာ စာအောင်သံဃာတော်များအား လှူဖွယ်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) (၀၃၂)

## ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ(မန္တလေး)၌ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် ကျင်းပ

**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်း/ခရိုင်တိုင်းရင်းဆေးဆရာအသင်း(မန္တလေး)တို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် ၂၀၂၅ ခုနှစ်၊ မတ်တွင်(၂)ကြိမ်မြောက် CTME အခမ်းအနားကို မတ် ၇ရက် မွန်းလွဲ ၂နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

CTME အခမ်းအနားတွင် သဘာပတိများအဖြစ် ဒေါ်ရင်ရင်သီ ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဌာနမှူး၊ မီးယပ်ရောဂါပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့၊ (ငြိမ်း)၊ ဒေါ်မိုးသီတာဝင်း (ဆေးရုံအုပ်ကြီး၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးမြို့)တို့က ဆောင်ရွက်ကြပြီး သဘာပတိဒေါ်ရင်ရင်သီက အမှာစကားပြောကြားသည်။

ထို့နောက် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါ်မိုးသီတာဝင်းက CTME အခမ်းအနားဖြစ်မြောက်ရေး ကူညီပံ့ပိုးသူ ဒေါ်ခင်ဝင်း(ခ)ဒေါ်မြနွယ်၊ (သမီး)ဒေါ်ယဉ်မွန်မွန်မြတ်(ဓေတဝန်ဆေးတိုက်)မန္တလေးမြို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။



ဆက်လက်ပြီး ဒေါ်ယဉ်ယဉ်ထွန်း၊ ဒုတိယတိုင်းရင်းဆေးမှူး၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံက "မီးယပ်တွင် ဖြစ်တတ်သောရောဂါ"အကြောင်း ဟောပြောရာ တက်ရောက်လာသူများ၏ သိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဒေါ်ယဉ်ယဉ်ထွန်းအား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

CTME အခမ်းအနားသို့ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ဒုတိယဆေးရုံအုပ် ဒေါ်သိန်းထိုက်၊ အလုပ်သင်ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင်ဦးသင်း၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)
(၀၇၀)

တံတားနှင့် လမ်း၊
ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်၊
သစ်ပင်ရုံမှ သဏ္ဍာန်လှပ ပန်းရလိမ့် ။

## ရွှေစက်တော်ဘုရားပွဲတွင် ဘုရားဖူးပြီး ဆင်များစီးကာ သဘာဝအလှတရားများကိုလည်း ကြည့်ရှုခံစားနိုင်

**မင်းဘူး မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော်ဘုရားပွဲတွင် မန်းချောင်းအပန်းဖြေဆင်စခန်းမှ ဆင်များစီးပြီး တောတောင်စိမ့်စမ်းနှင့်သဘာဝအလှတရားများကို ကြည့်ရှုခံစားနိုင်ကြကြောင်း မင်းဘူးမြို့ သစ်ထုတ်ရေးဒေသမှ သိရသည်။

ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းသည် ရွှေစက်တော်ဘုရားအနီး မန်းချောင်းဘေး ဧက ၇၀၀ ရှိသော ပန်းတောင်း-ပျော်ဘွယ်ကြိုးပြင်ကာကွယ်တောတွင် တည်ရှိကာ ကြည်လင်အေးမြသော စိမ့်စမ်းရေနှင့် စိမ်းစိုပြီးသာယာလှပသည့် သဘာဝအလှတရားများနှင့် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်မှ ရွှေသမင်၊ ကြယ်လိပ်နှင့် ငှက်မျိုးစိတ်များစွာကိုလည်း ကြည့်ရှုလေ့လာနိုင်သည်။

ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းကို မကွေးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း မင်းဘူးခရိုင် သစ်ထုတ်ရေးဒေသက ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်က ဖွင့်လှစ်ခဲ့ပြီး ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အခြေခံ၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်ဝန်ထမ်းများနှင့်ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့်ပြည်သူလူထုပူးပေါင်း ပါဝင်သော(Community Base Tourism) လုပ်ငန်းများ ထွန်းကားလာစေရန်၊ ဆင်များ၏အလေ့အထ အမူအကျင့်နှင့် နေထိုင်မှုသဘာဝများကို သိရှိနားလည်ပြီး ဆင်များအပေါ် ချစ်ခင်မြတ်နိုးတတ်စေရန်၊ Eco-tourism ဖွင့်လှစ်ထားရှိခြင်းဖြင့် မြန်မာ့သဘာဝ တောတောင်ရေမြေ၏ အလှတရားများကို ခံစားတတ်လာပြီး ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပေါ်ပေါက်လာကာ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကို အထောက်အကူဖြစ်စေရန်၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရန်စသော ရည်ရွယ်ချက်များဖြင့် ဆင်စခန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မင်းဘူးခရိုင် သစ်ထုတ်ရေးဒေသ မန်နေဂျာ ဦးဇော်ဝင်းနိုင်ထံက သိရသည်။



ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းမှာ ရွှေစက်တော်ဘုရားမှ နှစ်မိုင်သာဝေးကွာတာကြောင့် စက်တော်ရာ ပါဒခြေတော်ရာနှစ်ဆူကို ဖူးပြီးပါက ဆင်စခန်းသို့လာကာ ဆင်များစီးပြီး မန်းချောင်းတစ်လျှောက်ရှိ လှပပြီး အေးချမ်းလှသည့် တောတောင်ရေမြေနှင့် သဘာဝအလှတရားများကို ကြည့်ရှုခံစားလိုပါက မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်မှ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းသို့ လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ရပါတော့သည်။

(ဝဲပုံ) (၅၀၄)

## အခြေခံကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းများ အခမဲ့ဖွင့်လှစ်



**ပျဉ်းမနား မတ် ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်ရုံး၊ လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် အကျိုးရှိစေမည့် ကာယ၊ ဉာဏ ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ အခြေခံကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ပြည့်စုံပြီး အသိပညာ ဗဟုသုတတိုးပွားစေရန် လူငယ်များအတွက် အကျိုးရှိစေမည့် သင်တန်းများ၊ ဟောပြောဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေလျက်ရှိကြောင်း၊ ယခုသင်တန်းသည်လည်း နွေရာသီ ကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်တွင် ကွန်ပျူတာကို အသုံးပြုတတ်စေရန်၊ အင်္ဂလိပ်စာ အခြေခံ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး သင်တန်းစည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အခြေခံကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းတို့တွင် သင်ကြားပေးကြမည့် နည်းပြဆရာမများက သင်ကြားပို့ချမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။ (ဓာတ်ပုံ)

အဆိုပါ အခြေခံကွန်ပျူတာသင်တန်းကို မတ် ၉ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ အင်္ဂလိပ်စာ Grammar သင်တန်းအား မတ် ၉ ရက်မှ ၁၈ ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းနည်းပြအဖြစ် ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်

**မြို့သစ် မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားဆိုသည်မှာ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာ အကြောင်းအရာများကို ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

*-*-*-*-*-*-*



ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ်၊ စာပေ လေ့လာစို့



## တောင်တွင်းကြီးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ဉာဏ်ရည် ဉာဏ်သွေးမြင့်မားစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အထွေထွေဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မတ် ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးက သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ စာအုပ်ပါ အထွေထွေဗဟုသုတမေးခွန်းများကို ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

ဖတ်စရာ၊ မှတ်စရာ

စုံလင်

## ချမ်းသာအစစ် ချမ်းသာအမှန်

* ပြည့်စုံခြင်း၊ မပြည့်စုံခြင်းသည်
ကံတရား
သားသမီးများ လိမ္မာခြင်းသည်
ချမ်းသာလှပေစွတကား・・・ ။

* ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည်
ကံတရား
လောဘ၊ ဒေါသ၊ မောဟနည်းပါးခြင်းသည်
ချမ်းသာလှပေစွတကား・・・ ။

* ချို့တဲ့ခြင်း၊ ပေါ်များခြင်းသည်
ကံတရား
ရောင့်ရဲတင်းတိမ်နိုင်ခြင်းသည်
ချမ်းသာလှပေစွတကား・・・ ။

* လူမျိုးတူခြင်း၊ မတူခြင်းသည်
ကံတရား
မေတ္တာထားနိုင်ခြင်းသည်
ချမ်းသာလှပေစွတကား・・・ ။

* ဘာသာခြားခြင်း၊ မခြားခြင်းသည်
ကံတရား
သစ္စာအမှန်ထားနိုင်ခြင်းသည်
ချမ်းသာလှပေစွတကား・・・ ။

* နိုင်ငံကြီးခြင်း၊ သေးခြင်းသည်
ကံတရား
စည်းလုံးညီညွတ်မှုရှိခြင်းသည်
ချမ်းသာလှပေစွတကား・・・ ။

* ချမ်းသာအစစ်
ချမ်းသာအမှန်
ရယူနိုင်ရန်အရေး
ကြိုးစားကြပါမနေး・・・ ။ ။

**သျှင်သစ္စာ**



## သတင်းပဒေသာ

### ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှစ၍ မိခင်ကလေးကျန်းမာရေးဌာနတွင် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံပေးရာတွင် ခန္တီးမြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ အသက်ကိုးလအရွယ် ကလေးများကို ဂျပန်ဦးနှောက်ရောင် (တစ်ကြိမ်)၊ ဝက်သက်-ဂျိုက်သိုး (ပထမအကြိမ်)ကိုလည်းကောင်း၊ အသက်တစ်နှစ်ခွဲအရွယ် ကလေးများကို ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)စတုတ္ထအကြိမ်ကိုလည်းကောင်း မိခင်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံအကျဉ်းထောင်၌ ယမန်နေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်က မီးဘေးအန္တရာယ်ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်သင့်သည့်အချက်များ စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် သတိပြုဆောင်ရွက်ရမည့် အချက်များကို ကျိုင်းတုံအကျဉ်းထောင်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ Gasမီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် ဆီမီးငြိမ်းသတ်ခြင်းများကို အကျဉ်းဦးစီးဌာနတပ်ဖွဲ့ဝင်များနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ယမန်နေ့နံနက် ၉ နာရီက တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများက တစ်နှစ်ခွဲအောက်ကလေးများအား ဘီစီဂျီကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယိုသောက်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုထိုးဆေး၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်ဂျိုက်သိုးကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများကို ကျန်းမာရေးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ အစိုးရမူလတန်းကြိုကျောင်း၌ နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခန့်က ကျင်းပခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်လက်ထောက်(၃)၊ ဒေါ်သဲမာက ကလေးငယ်များ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် ရုပ်ပုံပြ၊ ပုံပြင်ပြောခြင်း၊ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းနှင့် နယ်လှည့်စာငှားခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းများက သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၂၂)ကြိမ်မြောက် စာအောင်ဆုနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနား ကျင်းပ



**အောင်လံ မတ် ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အောင်လံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနပါလအသင်းကြီး၏ (၂၂)ကြိမ်မြောက် ကျင်းပပြုလုပ်သော သဘောရေး၊ ဖြေစာမေးပွဲ စာအောင်ဆုနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အောင်လံမြို့၊ ကျောင်းစုရပ်၊ အေးစေတီဘုရားတန်ဆောင်းတော်ကြီးအတွင်း ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး၊ မြို့နယ်လုံးဆိုင်ရာ အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်တော်မူသော မြဝတီကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသိရီထံမှ ငါးပါးသီလဆောက်တည်ခဲ့ကြသည်။ ထို့နောက် အသင်း၏ဥက္ကဋ္ဌ ဦးဟန်ဌေးကအသင်း၏ ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ (၂၂)ကြိမ်မြောက် စာမေးပွဲကြီးတွင်အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်ခဲ့ပြီး၊ ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ဆရာတော်ဦးသုမနထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**

## ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး မတ် ၁၀**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်သို့ ယမန်နေ့က အလှူရှင် မန္တလေးမြို့၊ မြရည်နန္ဒာအိမ်ရာနေ မကေဇင်ဖူး (၃၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အတွက် ဆွမ်းအလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်ရေးကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(ကဆ)**



## မဟာမြိုင်ဝန်ထမ်းအိမ်ရာမိသားစု (၁၂၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး မတ် ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသောဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုလျက်ရှိသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ကွယ်လွန်သူ ဖခင်ကြီး ဦးမြင့်အောင်အားရည်စူး၍ အလှူရှင် ဦးနေမျိုးထက်+ဒေါ်နွေးနွေးတင့်လွင်၊ သမီး မအိမ့်ချယ်ရီထက်၊ မခေတ်သစ်သစ်နွေး မိသားစုတို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသောဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၂၁)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားအာလူးပလာတာတို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် အပါး၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအားကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

*-*-*-*-*-*-*



## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူငွေ ပေးအပ်လှူဒါန်း

**မန္တလေး မတ် ၁၀**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဦးဆောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းနှင့် ၁၄လမ်းထောင့်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် HEINEKEN Myanmar Limited နှင့် အရောင်းကိုယ်စားလှယ်မိသားစုများ စုပေါင်း၍ ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော (ခွဲစိတ်လုပ်ငန်းနှင့် မျက်စိကုသမှုလုပ်ငန်း)များတွင် အသုံးပြုနိုင်ရန် အထွေထွေဝေယျာဝစ္စအလှူငွေကျပ် ၄၅ သိန်းကို ယမန်နေ့က ဆေးရုံကြီး အစည်းအဝေးခန်းမဆောင်တွင် ပေးအပ်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆွေ နှင့် အဖွဲ့ဝင်များက လက်ခံရယူကြပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသော သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ဆေးကုသမှုလုပ်ငန်းနှင့် ခွဲစိတ်ကုသခြင်းလုပ်ငန်းများကို(အခမဲ့)ကုသဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများအတွက်လည်းကောင်း၊ ဆေးဝါးမျိုးစုံနှင့် အထောက်အကူပစ္စည်းများဝယ်ယူနိုင်ရန် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ ဆွမ်းပဒေသာပင်နှင့် အခြားဝေယျာဝစ္စအတွက် လှူဒါန်းလိုပါကလည်းကောင်း ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၈၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

# ပုလဲရတု မုဒိတာ

စောနန်းမြေအောင်

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဟု ရွတ်ဆိုနေရုံနှင့် သာသနာတော်မြတ်ကြီး မတည်နိုင်ပေ။ ဗုဒ္ဓမြတ်စွာဘုရား အဆုံးအမသာသနာတော် ရှည်ကြာစွာ ရပ်တည်နိုင်ရန် မင်း၊ ဆရာ၊ ဒကာ ညီညွတ်ပြီး ဆိုင်ရာတာဝန် နိုင်ရာကထမ်း လက်တွဲညီပေမှ ပိဋကတ်အဆုံးအမ သာသနာတော်ကြီးသည် ယုံကြည်သူနှလုံးသားတွင် စွဲထင်ကျန်နေမှသာလျှင် တည်တံ့နေမည်မလွဲပေ။

သူယုတ်တို့၏ဆန့်ကျင်ဘက်ဖြစ်သော သူတော်ကောင်းတရားတော်သည် မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူသည်မှစတင်၍ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်ကို ထင်ဟပ်စေနိုင်သည့် ကြေးမုံမှန်ချပ်များဖြစ်သည့် သစ္စာမှန်ချပ်၊ မဂ္ဂင်မှန်ချပ်များကို ချပြသုံးစွဲစေတော်မူရာ လူနတ်၊ဗြဟ္မာ သတ္တဝါအနန္တတို့သည် အယဉ်ကျေးကြီး ယဉ်ကျေးကြပါကုန်၍

အချို့ကား

သရဏဂုံ သာသနာ

သီလ သာသနာ

သမာဓိ သာသနာ

ပညာ သာသနာ

ဝိပဿနာ သာသနာ-သောတာပန်-သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ သာသနာတော်များ တည်ရှိကြပြီး လွတ်မြောက်မှုများကို ရရှိနေကြသည်မှာ အမှန်စင်စစ်ဖြစ်ပါပေ၏။ လွတ်မြောက်မှုသည် တစ်စိတ်တစ်ဒေသလွတ်မြောက်မှု ဆင်းရဲအားလုံးမှ လွတ်မြောက်မှုများသည် တည်ရှိရာ ဓမ္မနည်းလမ်းပိဋကတ်သုံးသွယ် နိကာယ်ကျမ်းစာ ဒေသနာမူရင်းပါဠိတော်များသည် ဆရာများအဖြစ် ရပ်တည်နေကြသည်မှာ အမှန်တရားပင်ဖြစ်ပါ၏။

ထိုဆရာနှင့်တူသော ဓမ္မအနှစ်များကို လေ့လာသူ ကြည်ညိုစိတ်ဝင်စားသူ သင်ကြားပို့ချဖြန့်ဝေသူ ပရိယတ္တိဝန်ဆောင် သံဃာများ ၊ဘိက္ခု-ဘိက္ခုနီသံဃာပရိသတ်များသည် ဗုဒ္ဓ၏တမန်တော်များနည်းတူ အရေးပါသည့်အခန်းကဏ္ဍမှာ အရေးပါလှပေသည်။ ခေတ်အဆက်ဆက် ရဟန္တာအရှင်မြတ်ကြီးများ၏ စင်ကြယ်ကြီးမားလှသည့် သမာဓိပညာစွမ်းအားများဖြင့် နှုတ်တက် အာဂုံအာဂမများဆောင်ထားကြရာမှ အနာဂတ်အရေးမျှော်တွေး၍ ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာ၊ ယနေ့ စာရွက်ပေါ်အထိ ပိဋကတ်စာပေများကို အက္ခရာတင်ခဲ့ကြသည့် လက်ဆင့်ကမ်း ဓမ္မအမွေတော်၊ ဓမ္မဓာတ်တော်၊ ဓမ္မစေတီတော်များကို ကိလေထူ ပြောသည့်မြေပြင် ပန္နက်ချ စေတီတည် ထီးတော်တင်ကြရမည့် တာဝန်များကို ဗုဒ္ဓမြတ်စွာသာသနာတော်နောက်ပိုင်း သာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ လူပုဂ္ဂိုလ်များက လက်ဆင့်ကမ်းလာခဲ့သည်။ သမိုင်းမှာ သိသာထင်ရှားလှပါသည်။

အကြောင်းဆိုရသော် သာသနာတော်နှစ် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုပြီး သုံးလနှင့် လေးရက်အရမှာ ပထမအကြိမ် သင်္ဂါယနာတင်ရန်အကြောင်းမှာ သုဘဒ္ဒရဟန်းသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကတည်းက ဝိနည်း(စည်းကမ်း)ပညတ်ချက်ဥပဒေအား ကြိမ်ဖန်များစွာ ချိုးဖောက်ခဲ့ပါသဖြင့် ဘုရားရှင်၏ အကြိမ်ကြိမ်သတိပေးမှုခံခဲ့ရသဖြင့် ဘုရားရှင်အား ရန်ညှိုးထားခဲ့ရာမှ ဘုရားရှင် ပရိနိဗ္ဗာန်ပြုသည်နှင့် လွတ်လပ်ပြီ ဗုဒ္ဓမရှိတော့လျှင် လုပ်ချင်တာ လုပ်လို့ရပြီဆိုပြီး ကြွေးကြော်ကာ သာသနာညှိုးနွမ်းအောင်ပြုလုပ်ခဲ့မှုကြောင့် မြတ်ဗုဒ္ဓ၏တပည့်သား ရဟန်းတော်များသည် ခေတ်အဆက်ဆက်အာဏာရှိသော မင်းထု၊ ဗုဒ္ဓသာသနာဝင်ပြည်သူလူထု၊ ရဟန်းသံဃာထု၊ ထု သုံးထု ပူးပေါင်းကာ ပထမအကြိမ် သင်္ဂါယနာတင်ခဲ့ကြရသည်။

ဆက်လက်၍ သာသနာနှစ်(၁၀၀)ကြာပြီးနောက် ဝဇ္ဇီတိုင်းသားရဟန်းများက အဓမ္မဝတ္ထု (၁၀)ပါးကို တောင်းဆိုခဲ့ကြရာမှာ ဒုတိယအကြိမ် သင်္ဂါယနာတင်ရသည့်ကိစ္စဖြစ်လာပြန်၏။ ဝဇ္ဇီတိုင်းသားရဟန်းများသည် နေလက်တစ်သစ်လွဲသည်အထိ ထမင်းစားနိုင်ရန် (ဆွမ်းဘုဉ်း)နိုင်ရန်၊ သေနသော(အရက်ပေါ့ပျော့ပျော့)ကို သောက်သုံးနိုင်ရန်၊ ရွှေငွေများကို သာမန်လူပုဂ္ဂိုလ်များကဲ့သို့ ကိုင်တွယ်သုံးစွဲနိုင်ရန် စသည်တို့အပြင် ဗုဒ္ဓသာသနာတော်အဆုံးအမများကိုပါ ပြုပြင်ပြောင်းလဲရန် လုပ်လာသဖြင့် ရဟန်းသံဃာထု၊ မင်းထု၊ ပြည်သူလူထု ထုသုံးထု ပေါင်းကာ အကျင့်ပျက် ရဟန်းတစ်သိန်းကျော်အား သာသနာတော်မှ နှင်ထုတ်ပြီး ဗုဒ္ဓသာသနာတော်တည်ရန် ဆောင်ရွက်ခဲ့ကြရသည်။ သာသနာတော်နှစ် (၂၃၅)နှစ်မှာ ပါဋလိပုတ်ပြည်မြို့ရွာ (သာသနာတော်၏) ဆန့်ကျင်ဘက် တခြားအယူရှိသူရဟန်းတု ခြောက်သောင်းကျော်ကို အကြောင်းပြုပြီး တတိယအကြိမ် သင်္ဂါယနာဖြစ်ပေါ်ခဲ့ပြန်သည်။ သာသနာတော်နှစ်(၄၅၀)တွင် သီဟိုဠ်နိုင်ငံသို့ မြတ်ဗုဒ္ဓသာသနာရောက်ရှိပြီး အငတ်ဘေး၊ စစ်ဘေး၊ ခိုးသူ၊ သူပုန်သူကန်ဘေးကြီးသည် (၁၂)နှစ်ကြာ ကျရောက်ခဲ့ပါသဖြင့် ရဟန်းသံဃာတော်များ ဆင်းရဲပင်ပန်း ဒုက္ခကြီးစွာ ကျရောက်မှုကို အကြောင်းပြုပြီး စတုတ္ထ သင်္ဂါယနာ တင်ကြရပြန်သည်။ သာသနာနှစ်(၂၄၁၅)နှစ်ကြာပြီးနောက် နှစ်ပေါင်း (၂၀၀၀)ကြာခဲ့ပြီဖြစ်သည့် ဘုရားဟောပါဠိတော်များကို စတုတ္ထအကြိမ် သင်္ဂါယနာကို ပေရွက်ပေါ်တင်ခဲ့ရာ ခြ၊ ပိုးမွှား အန္တရာယ်များကြောင့် ကြာရှည်ခိုင်ခံ့မှုမရှိခြင်းကြောင့် ပါဠိတော်မူကွဲများကို ပြန်လည်သန့်စင်ပြီး မြန်မာနိုင်ငံ၊ မန္တလေးမြို့၊ ရတနာပုံ နေပြည်တော်မှာ အရှင်ဇာဂရမထေရ် ဦးဆောင်သည့် သံဃာ(၂၄၀၀)ပါးနှင့် မင်းတုန်းမင်းကြီး၏ မင်းထုနှင့်အတူ နှုတ်ဖြင့် ရွတ်ဆိုခြင်း ငါးလနှင့် သုံးရက်၊ ကျောက်ထက်အက္ခရာတင် ခုနစ်နှစ် ခြောက်လ (၁၄)ရက်ကြာ တင်ခဲ့ရသည်ဟု မှတ်သားရပါသည်။ ဗုဒ္ဓသာသနာထွန်းကားရာမြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ တိုင်းတစ်ပါး ဘာသာခြားတို့၏ အုပ်စိုးမှုအောက်မှာ နေခဲ့ရသဖြင့် သာသနာညှိုးနွမ်းမှုအပေါ်အကြောင်းခံကာ သာသနာတော်နှစ် (၂၄၉၈)နှစ်တွင် ဆဋ္ဌမအကြိမ်သင်္ဂါယနာတင်ခဲ့ရပါသည်။ ဆဋ္ဌမသင်္ဂါယနာကို စာရွက်ပေါ်တင်စဉ်က မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာ့အေးကုန်းမြင့် မဟာပါသာဏလိုဏ်ဂူတော်မှာ ညောင်ရမ်းဆရာတော် အရှင်ရေဝတ ကြီးမှူးသည့် မဟာစည်ဆရာတော်ကမေး၍ မင်းကွန်းတိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက ဖြေဆိုကာ မြန်မာ၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ စသည့် ထေရဝါဒငါးနိုင်ငံက သံဃာ(၂၅၀၀)နှင့် အညီအညွတ် အတည်ပြုကာ သင်္ဂါယနာ တင်ခဲ့ကြပါသည်။

အထူးအားဖြင့် ထေရဝါဒ ငါးနိုင်ငံမှ ဆရာတော်ကြီးများ၏ နောက်ဆုံးဆန္ဒအရ အညီအညွတ်ဆုံးဖြတ်ကာ သဘောတူညီခဲ့ကြသည့် ကြည်ညိုလေးစားရသည့်အချက် (၅)ချက်မှာ

၁။ Restoration (မူရင်းအတိုင်း အစားထိုးခြင်း)

၂။ Preservation (မူရင်းအတိုင်းသာ သိမ်းဆည်းခြင်း)

၃။ Promotion (တိုးတက်စေရန် ကူညီထောက်ပံ့ အားပေးခြင်း)

၄။ Propagation (ဖြန့်ဖြူး ပြန့်ပွားစေရန်)

၅။ Protection (သာသနာဖျက်များမှ ကာကွယ်ရန်)

စသည့်အချက်(၅)ချက်သည် အလွန်အားကောင်းသော ဆုံးဖြတ်ချက်ကြီးပါတည်း။

မင်းအထု၊ ပရိသတ်ပြည်သူလူထု၊ သံဃာထု၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပုဂံခေတ်မှ အင်းဝခေတ်၊ ရတနာပုံခေတ်အထိ ပရိယတ္တိစာပေသည် အလွန်ခရီးရောက်ခဲ့ပေသည်။ ယနေ့ မျက်မှောက်ခေတ်တွင်ကား ပရိယတ္တိစာသင်တိုက်ကြီးများသည် ရေရှည် ရပ်တည်နိုင်ခြင်းမရှိကြတော့ဘဲ အားနည်းလာခဲ့သည်ကိုလည်း ဝမ်းနည်းစွာတွေ့မြင်လာရသလို တချို့ဒေသ၊ တချို့နေရာများမှာ ပရိယတ္တိစာသင်တိုက်များစွာ အားပေးလာကြသည်များလည်း ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ တစ်ဝိုက်တွင် ၁၃၅၀ကျော်လောက်မှာ ပရိယတ္တိစာသင်တိုက်ကြီးတွေ ပေါ်ပေါက်လာခဲ့သည်။

**ထွန်းကားစည်ပင် ရွှေဥယျာဉ်**

၁၃၅၂ ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်၊ အင်္ဂါနေ့ (၅-၆-၁၉၉၀)ရက်မှာ ရန်ကင်းတောင်တော်ပိုင်ဆရာတော် ဘဒ္ဒန္တကုသလ (သီရိပဝရဓမ္မာစရိယ)မှ မုံရွာမြို့ အုတ်ကန်တောရစာသင်တိုက် ပဓာနနာယကဆရာတော် ဦးနန္ဒောဘာသကို လှူအပ်ပြီး တပည့်ဖြစ်သူ ဦးဇောတိကအား ကျောင်းတိုက်၏ပဓာနနာယကဆရာတော်အဖြစ် သီတင်းသုံးစေလျက် ဥယျာဉ်ပရိယတ္တိစာသင်တိုက် စတင်ပေါ်ပေါက်လာပြီး ယနေ့ဆိုလျှင် ဝါဆိုစာသင်သား သံဃာ လေးရာကျော် သီတင်းသုံးလျက် နှစ်စဉ်စာအောင်ဆရာတော်များ ပေါ်ပေါက်လျက်ရှိနေပါသည်။ ထိုတွင် ရန်ကင်းတောင်တော် ဥယျာဉ်ပရိယတ္တိသဒ္ဓမ္မမာမကက အသင်းစာမေးပွဲများ၊ ငြိမ်းချမ်းရေးတက္ကသိုလ် စာမေးပွဲများ ကျင်းပပြီး ပြည်တွင်း၊ ပြည်ပသာသနာပြု ဆရာတော်များစေလွှတ်နိုင်သည်အထိ သာသနာတော်အတွက် အားရဖွယ်ရာ တွေ့ရှိနေပါသည်။

**စွေသွန်းမိုးရေ လေးကျွန်းမြေ**

၁၃၆၉ ခုနှစ်တွင် ရန်ကင်းတောင်အရှေ့ဘက် လေးကျွန်းမာရ်အောင် သာမဏေကျော်စာသင်တိုက်ကြီးကို ရန်ကုန်မြို့ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်တိလောကာဘိဝံသက တည်ထောင်တော်မူကာ ပဓာနနာယက ဆရာတော်အဖြစ် တပည့်ဖြစ်သူ ဦးဝိသုတကို ဆောင်ရွက်စေကာ သာမဏေကျော် စာသင်သား သံဃာတော်များ ပေါ်ပေါက်လျက်ရှိနေပါသည်။ ဆရာတော် ဦးဝိသုတကိုယ်တိုင်လည်း ယမိုက် ပဋ္ဌာန်း ဓမ္မာစရိယ စာမေးပွဲအတွက် သင်ထောက်ကူကျမ်းစာများ တိပိဋက စာသင်သားများအတွက် ကျမ်းစာများရေးသား ပို့ချတော်မူပြီး နှစ်စဉ် ဝါဆိုသံဃာ ငါးရာနှင့် သီတင်းသုံးလျက် ပရိယတ္တိစာပေများ အားထုတ်တော်မူလျက်ရှိကြောင်းသိရှိရပါသည်။ လေးကျွန်းမြေ၏ ပရိယတ္တိမိုးကြီး သွန်းစွေ လျက်ရှိပါသည်။

ထိုအပြင် စာသင်တိုက်ဖြစ်ရန် ကြိုးစားအားထုတ်နေကြသည့် ကျောင်းတိုက်များလည်း ကြည်ညိုဖွယ်ရာတွေ့ရသလို ဝိပဿနာ ပဋိပတ်စခန်းများဖြစ်သည့် ရန်ကင်းအေးငြိမ်းဓမ္မရိပ်သာ၊ ပတ္တမြားရိပ်သာ၊ ကျောင်းတိုက်တွင် တရားပတ်များ ကျင်းပပေးလျက် ရှိပါသည်။ ရန်ကင်းတောင်တော်တစ်ဝိုက်တွင် ပရိယတ္တိစာသင်တိုက်များ၊ ပဋိပတ္တိဝိပဿနာရိပ်သာများနှင့်ပြည့်စုံနေသည့် အာဂီရိဆာယာ၊ ရန်ကင်းတောင်အရိပ်ကို ခိုရခြင်းဖြင့် သက်ရှည် ကျန်းမာအေးချမ်းခြင်းနှင့်ပြည့်စုံနေသည်မှာ ဝမ်းသာကြည်နူး မဆုံးဖြစ်ပါတော့သည်။

**ချမ်းမြရုံသီ ရတုရီ**

ရန်ကင်းတောင်တော်ရိပ်မှာ မြောက်ဘက်က ရန်ကင်းတောင်၊ အရှေ့ဘက်ကလယ်ကွင်းပြင်ကြီးနှင့် ရှမ်းရိုးမတောင်နောက်ခံထားကာ လယ်ကွင်းပြင်စပါးကျီများရံထားသည့် အတိတ်ဆောင် နိမိတ်အောင်သည့် ချမ်းမြရုံသီစာသင်တိုက်သည် စာပြန်သံ၊ စာအံသံများ၊ အမျှဝေသာဓုခေါ်သံများသည် အချိန်နှင့်အမျှ ကျက်သရေ ပေါင်းစုံနေသည့် ပရိယတ္တိစာသင်တိုက်ကလေးသည် ငွေရတု ကာလ (၂၅)နှစ်ကျော်လာပြီး ရုံသီပုလဲရတုဆီသို့ မင်္ဂလာရှိစွာ ဦးတည်နေသည်မှာ ဗုဒ္ဓမြတ်စွာသာသနာတော်အတွက် လက်ရုံးကျောင်းတိုက်ကြီး(သို့မဟုတ်)ပရိယတ်၊ ပဋိပတ် ဖြန့်ဝေရာဌာနကြီး တစ်ခုအဖြစ် ထင်ရှားနေပါသည်။ ဤကား ဆရာလေးဓမ္မာစာရီတို့ရဲ့ သာသနာချစ်တဲ့စိတ်နှင့် မိမိ၏ သီလသမာဓိအရင်းတည်ကာ မေတ္တာဓာတ်ဖြင့် အများသတ္တဝေနေယျာကို ကယ်တင်ခြင်းမျိုး ဟုဆိုက လွန်မည်မထင်ချေ။

ရတုနှစ်တစ်ခုမှ ရတုနှစ်တစ်ခုဆီရောက်ဖို့ရာ လှေလှော်ရသည်။ သင်ကြားရသည်။ ဆည်းပူးရသည်။ မျှဝေကြရသည်။ ပြန်လည်၍ အရင်းတည်ရသည်။ ကလျာဏမိတ္တသမ္ပဒါနှင့် ချိတ်ဆက်မိရမည်။ သို့မှသာလျှင် ရတုနှစ်များဆီ မျှော်မှန်းနိုင်မည် ဖြစ်ပေသည်။

ပါရမီသည် ကာလသုံးပါးနှင့်ညီညွတ်လာပြီဆိုလျှင် မည်သူမျှ တားမရပေ။ ဗီဇဓာတ်ခံမျိုးစေ့သည် အားကောင်းသည့် ပတ်ဝန်းကျင်နှင့်တွေ့လေသောအခါ ခက်မဝေစည် ခိုမှီစရာအရိပ်ဆာယာသည် ပါရမီရှင်ကိုယ်တိုင်နှင့်သာ သက်ဆိုင်နေသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Rashmika Mandanna ချစ်သူနှင့်လက်ထပ်မည်

အိန္ဒိယတောင်ပိုင်း အနုပညာလောကတွင် ထိပ်တန်းအနုပညာရှင် စာရင်းဝင်ဖြစ်လာသော ရာရှ်မီကာမန်ဒန်နာက ချစ်သူရှိကြောင်း ထုတ်ပြောခဲ့ပြီးနောက် လက်ထပ်ရန်အထိ ရည်ရွယ်ထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရာရှ်မီကာ၏ချစ်သူ ဗီဂျေးဒီဘာရာကွန်ဒါကလည်း ချစ်သူဖြစ်နေသည်မှာ ခြောက်လရှိပြီ ဖြစ်ကြောင်း ဝန်ခံထားကာ နှစ်ဦးသား ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် နေ့လယ်စာစားသော ပုံရိပ်များပါ ချပြထားသည်။

ရာရှ်မီကာမန်ဒန်နာနှင့်ဗီဂျေးဒီဘာရာကွန်ဒါတို့မှာ ၂၀၁၈ခုနှစ် Geetha Govindam ရုပ်ရှင်ရိုက်ကူးရင်း ချစ်သူများ ဖြစ်ခဲ့ကြပြီး ဘဝလက်တွဲဖော်အဖြစ် လက်ထပ်ပွဲကျင်းပရန်အထိ ရည်ရွယ်ထားကြသည်ဟု အနုပညာအသိုက်အဝန်းမှ သတင်းထွက်ပေါ်လာသည်။ (SKY)

## Xiao Zhan ၏ အယ်လ်ဘမ်သစ် We ကို သုံးပိုင်းခွဲထုတ်လုပ်ထား

တရုတ်အနုပညာရှင် ရှောင်းကျန့်က သူ၏ဂီတအယ်လ်ဘမ်သစ်ကို We ဟု အမည်ပေးထားပြီး အပိုင်းသုံးပိုင်းခွဲ၍ ထုတ်လွှင့်ခဲ့ရာ ပရိသတ်စိတ်ဝင်စားမှုမြင့်မားစွာရရှိထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတအယ်လ်ဘမ်တွင် သီချင်းဆယ်ပုဒ်ပါဝင်ပြီး တစ်ပုဒ်နှင့်တစ်ပုဒ် ဆက်နွှယ်မှုရှိကာ သုံးပိုင်းခွဲထုတ်ရာ၌ ခေါင်းစဉ်များကို We,Life of us,Don't Look Back ဟု ပေးထား၍ "ငါတို့ အခက်အခဲများကို အတူကျော်ဖြတ်ပြီး ဒီလောကဆီ ပြန်လာခဲ့ကြတယ်။ ခရီးရှည်တစ်ခုမှာစီးမျောပါရင်း အချင်းချင်းအတွက် မီးပြတိုက်လေးတွေ ဖြစ်ပေးပြီး ဟိုးအဝေးမှ မီးပြတိုက်လေးဆီ ရှေ့ဆက်သွားကြမယ်၊ အရောင်စုံလင်ပြီး ကျယ်ပြန့်တဲ့ အတိတ်ကမ္ဘာကို လှည့်မကြည့်ပါနဲ့တော့" ဟူ၍ မက်ဆေ့ချ်ပေးထားသည်။

ရှောင်းကျန့်ကသူ၏ Musical Autobiography ဂီတဆိုင်ရာ အတ္ထုပ္ပတ္တိကို ကိုယ်တိုင်ရေးသားထားခြင်းဖြစ်သည်ဟု ပရိသတ်က မှတ်ချက်ပေးထားသည်။ (SKY)





## သောက်သုံးရေကို လေထဲမှ ထုတ်ယူနိုင်သည့် နည်းလမ်းဖော်ထုတ်

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အော်စတင်မြို့ရှိ တက္ကဆက်တက္ကသိုလ်မှ သုတေသီများသည် သောက်သုံးရေကို လေထဲမှ ထိရောက်စွာထုတ်ယူနိုင်သည့် နည်းလမ်းတစ်မျိုးကို မကြာသေးမီက ဖော်ထုတ်နိုင်ခဲ့ကြသည်။

ထိုနည်းလမ်းက ဇီဝအရင်းအမြစ်အပေ အခြေခံသော ဇီဝပြိုဖျက်နိုင်သည့် ဟိုက်ဒရိုဂျယ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်ဒေသများ၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် စိုက်ပျိုးရေးတွင် ရေရရှိရေးအတွက် ရေရှည်တည်တံ့စွာ ဖြေရှင်းပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

စွန့်ပစ်ထားသော အစားအစာအကြွင်းအကျန်များ၊ ပင်လယ်ခရုခွံများနှင့် အခြားသဘာဝပစ္စည်းများကို အဓိကပါဝင်ပစ္စည်းများအဖြစ် အသုံးပြုထားသည့် ထိုနည်းလမ်းသစ်ဖြင့် လေထဲမှ သောက်သုံးရေကို ထုတ်ယူပေးခြင်း ဖြစ်သည်။

ရေစုပ်ယူနိုင်သော ပစ္စည်းများကို အပူနှင့် ပေါင်းစပ်ခြင်းဖြင့် ခြောက်သွေ့သော ရာသီဥတုများတွင်ပင် လေထဲမှ ဂါလန်ချီနှင့် သောက်သုံးရေကို ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## Twilight Gangsters တွင် ဝါရင့်မင်းသမီးကြီးများ ပါဝင်ထား

ကိုရီးယားဝါရင့်မင်းသမီးကြီးများ ပါဝင်သရုပ်ဆောင်ထားသည့် Twilight Gangsters မှာ ငယ်သူငယ်ချင်းသုံးဦး၏ ဇာတ်လမ်းဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် လောကဓံကို ရင်ဆိုင်အန်တုပြီး ဆိုးတူကောင်းဖက်သူငယ်ချင်းသုံးဦး၏ အိပ်မက်မှာ ဟာဝိုင်အီသို့ သွားလည်ရန်ဖြစ်ပြီး ခက်ခက်ခဲခဲနှင့် ငွေစုခဲ့ရာ ရှစ်နှစ်ကြာမှ လိုချင်သည့်ပမာဏပြည့်ဝခဲ့ကြသည်။

ကံမကောင်းစွာနှင့် ခရီးစဉ်ပက်ကေ့ချ်အတွက်ငွေသွင်းရန် ဘဏ်သွားရာမှ ဘဏ်ဓားပြတိုက်ခံရပြီး ငွေများပါသွားသော်လည်း တာဝန်ယူသူမရှိ၍ အသွားကြီးသုံးဦးဆုံးရှုံးသွားသည့် ငွေများကို ပြန်ရရန် ကြိုးစားခဲ့ပုံကို သံယောဇဉ်၊ ချစ်ခြင်းမေတ္တာ၊ အနစ်နာခံမှုများနှင့် ပုံဖော်ထားသည်။

ဝါရင့်မင်းသမီးကြီးနာမွန်ဟီး၊ ဂင်ဆူမီနှင့် ဂင်ဟယ်တို့အဓိကပါဝင်သရုပ်ဆောင်ထားသည်။ (SKY)



## Sisu တွင် မဆုတ်မနစ် ဇွဲကြီးသူတစ်ဦးအကြောင်း တင်ပြထား

ဖင်လန်စကားလုံး Sisu မှာ မဆုတ်မနစ်ဇွဲကြီးသူ၊ လုံးဝမလျှော့ဘဲ လုပ်တတ်သူဟူ၍ ဖြစ်ပြီး အက်ရှင်ဇာတ်ကားအဖြစ် တင်ဆက်ပြသထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သမိုင်းနောက်ခံကို ဒုတိယကမ္ဘာစစ်ပြီးကာလ ဂျာမန်များ ဖင်လန်မှ ပြန်ဆုတ်ချိန်ကို အခြေခံထားပြီး နာဇီများကမြေလှန်နည်းသုံး၍ လမ်းတစ်လျှောက်အရောရာတိုင်း ဖျက်ဆီးဆုတ်ခွာခဲ့ကြသည်။

နာဇီတပ်ခွဲတစ်ခုမှာ လမ်းတွင် ရွှေများသယ်လာသောအဘိုးကြီးတစ်ဦးနှင့် တွေ့၍ ရွှေများလုပြီးသတ်ရန်ကြိုးစားရာမှ ဂျွန်ဝစ်၏အဘိုးဖြစ်နေ၍ ခွေးပြေးဝက်ပြေးပြေးခဲ့ရပုံကို ရိုက်ကူးထားသည်။

အဆိုပါအမည် Sisu မှာ ဖင်လန်စကားဖြစ်ပြီး တိုက်ရိုက်တစ်ခွန်းတည်း ဘာသာပြန်မရသော်လည်း အဓိပ္ပာယ်မှာမဆုတ်မနစ်ဇွဲကြီးသူ၊ လုံးဝလက်မလျှော့ဘဲ သဲကြီးမဲကြီးလုပ်တတ်သူဟူ၍ ဖြစ်သည်။ (SKY)




## Adele က ဂီတပွဲရှည်ကြာ၍ ပင်ပန်းကြောင်းပြော



ကမ္ဘာကျော်အဆိုတော် အဒဲလ်သည် ဂီတဖျော်ဖြေပွဲများ ဆက်တိုက်ကြာရှည်စွာ ပြုလုပ်ရာတွင် လူရောစိတ်ပါပင်ပန်းခဲ့ရသည်ဟုဆိုကာ တေလာဆွစ်အတွက် စိတ်ပူပေးခဲ့ကြောင်း ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဒဲလ်က တေလာဆွစ်ကျင်းပနေသော ဂီတဖျော်ဖြေပွဲ နောက်နှစ်ပတ်တွင် ကျင်းပပြီးစီးတော့မည်ဖြစ်ပြီး ရှည်ကြာသောပွဲအတွက်ပင်ပန်းနေ၍ အနားယူသင့်ပြီဟု ပြောကြားခဲ့သည်။

အဒဲလ်ကသူကိုယ်တိုင်ဂီတဖျော်ဖြေပွဲများ ကြာရှည်စွာ လုပ်ကိုင်ခဲ့ရ၍ လူရောစိတ်ပါပင်ပန်းခဲ့ရပြီး နောက်ဆုံးပွဲပြီးသွားမှပင် သက်ပြင်းချနိုင်ကာ ဝမ်းသာခဲ့ရသည်ဟုလည်း ထပ်ဆင့်ပြောကြားခဲ့သည်။

ကမ္ဘာကျော်အဆိုတော်နှစ်ဦး တစ်ဦးအပေါ်တစ်ဦး ဂရုတစိုက်ရှိပုံကိုမြင်တွေ့ရ၍ ပရိသတ်များ သဘောကျနေကြသည်။ (SKY)

## Denzel Washington နှစ်လေးဆယ်ကြာ အနုပညာလောကမှ ကွယ်ပျောက်နေ

ဟောလိဝုဒ်နာမည်ကြီး အနုပညာရှင်ဒန်ဆယ်ဝါရှင်တန်သည် အော်စကာဆုရရှိပြီးနောက် နှစ်လေးဆယ်ကြာသည်အထိ အနုပညာလောကမှ ကွယ်ပျောက်နေသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒန်ဆယ်ဝါရှင်တန်သည် ၁၉၈၁ ခုနှစ်မှ စတင်၍ အနုပညာလောကသို့ဝင်ရောက်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် Glory ရုပ်ရှင်နှင့်အော်စကာဆုရပြီး နောက်ပိုင်းရုပ်ရှင်လောကနှင့် ကင်းကွာနေခဲ့သည်။

ဒန်ဆယ်ဝါရှင်တန်က သူကိုယ်တိုင်သရုပ်ဆောင်ရန် ဆန္ဒမရှိသည့်အပြင် ရုပ်ရှင်တွင်ပါဝင်ရန်လည်း ငြင်းဆိုထားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ရုပ်ရှင်ထုတ်လုပ်သူအဖြစ်သာ လုပ်ကိုင်နေခဲ့သည်။

လက်ရှိအသက်(၆၉)နှစ်နှင့် သားသမီးလေးဦး ဖခင်ဖြစ်ပြီး သူ၏နက်ရှိုင်းသောအသံ၊ ခံစားချက်ပြင်းသည့် သရုပ်ဆောင်မှုများကို ဒါရိုက်တာများ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ပရိသတ်များက လွမ်းဆွတ်နေကြသည်။ (SKY)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့ သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး ရှေးရှုကာ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် တိုးမြင့်လာလျက်ရှိသည့် အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သတင်းစဉ်





# ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဝန်ထမ်းသက်သာဆိုင်ဖွင့်လှစ်

နေပြည်တော် မတ် ၁၀

ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အပ်ကုန်စနစ်ဖြင့် ဖွင့်လှစ်သည့် ဝန်ထမ်းသက်သာဆိုင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန မျက်နှာစာရှိ ဝန်ထမ်းသက်သာဆိုင်ရှေ့၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ ဝန်ထမ်းသက်သာဆိုင်တွင် အခြေခံစားကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အပါအဝင် လူသုံးကုန်ပစ္စည်းများနှင့် ဥပဒေစာအုပ်များကို ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲအတွက် Match Coordination Meeting ပြုလုပ်

MNL 2 Promotion Amateur Club Tournament 2025 အုပ်စုပွဲစဉ်များအတွက် ပြိုင်ပွဲညှိနှိုင်းအစည်းအဝေး(Match Coordination Meeting) ကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနေရှင်နယ်လိဂ် Chief Operating Officer ဦးစည်သူဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာပြိုင်ပွဲကြီးကြပ်များ၊ MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲဝင်အသင်းများမှ အသင်းအမှုဆောင်အရာရှိချုပ်များ၊ အသင်းအထွေထွေမန်နေဂျာများနှင့် အသင်းတာဝန်ရှိသူများ တက်ရောက်၍ အိမ်ကွင်း၊ အဝေးကွင်း ဝတ်စုံ ဦးစားပေးအရောင်များ သတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအကြို အထွေထွေညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် (၁၁) သင်းအား အုပ်စုနှစ်ခု ခွဲဝေကျင်းပသွားမည်ဖြစ်ကာ ဗဟန်းမြက်ခင်းတုကွင်း(M-3) နှင့် MFF Training Field (၂)ကွင်းတို့၌ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်သွားစေမည်ဖြစ်သည်။

မတ်လ ၁၄ ရက်တွင် စတင်မည့် ယခုပွဲစဉ်၏ အဖွင့်ပွဲစဉ်အဖြစ် Happy Friendship နှင့် Young Boy အသင်းတို့ ဗဟန်းကွင်း၌ ထိပ်တိုက်တွေ့ဆုံနေကာ ပွဲဦးထွက် မည်သည့်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ၂၀၂၅ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်အတွက် အရေးပါသည့် ယခု ပြိုင်ပွဲအား Myanmar National League Youtube နှင့် National League II Youtube တို့မှ Live Stream ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

(NGB)

၀-၀-၀-၀